ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (27-9-2010) (၆၅၃၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာစခန်း အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် ပိုင်ရိုက်သွင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ကူးသန်းရောင်းဝယ်ရေးဌာန တန် ၃၆၀ ဆန့်ဖြူချောစက်ရုံသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

AFC President’s Cup ဆုဖလား ဖိုလ်စွဲပြီး အောင်မြင်မှုသမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သည့် ရတနာပုံအသင်း

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၁၀ ခုနှစ် AFC President's Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဖိုလ်လုပွဲအဖြစ် ရတနာပုံအသင်း (မြန်မာ)နှင့် ဒိုဒွိုင်းဒိုင်နမို (ကာဂျစ္စတန်) အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်း(မြန်မာ)က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဖိုလ်စွဲသွားသည်။

ရတနာပုံအသင်း(မြန်မာ) - တစ်ဂိုး
ဒိုဒွိုင်းဒိုင်နမို (ကာဂျစ္စတန်) - ဂိုးမရှိ

ရတနာပုံအသင်းသည် တစ်ဖက်အသင်း၏ ဖိကစားမှုကို ပွဲချိန်ပြည့်နီးပါး ခံရသော်လည်း မိမိအသင်းမှ ကစားသမားများ အမှားအယွင်းနည်းစွာ ကာကွယ်နိုင်မှုတို့ကြောင့် ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ တစ်ဖက်အသင်း ကစားအား ကျသွားချိန်တွင် တိုက်စစ်မြှင့်တင်ပြီး ပြန်လည်ဖိအား ပေးနိုင်ခြင်းကြောင့် အချိန်ပို ပထမပိုင်း ၇မိနစ်တွင် ရရှိသည့် အဖိုးတန်အနိုင်ဂိုးဖြင့် အာရှအဆင့် ကလပ်ပြိုင်ပွဲမှာ

စာမျက်နှာ ၃ကော်လံ ၁သို့ ✳

သတင်းနှင့် ဓာတ်ပုံ ရွှင်းထက်ကျော်

ရတနာပုံ အသင်းသားများ ဆုယူ အပြီးပျော်ရွှင်လျက်ရှိသည်ကို တွေ့ရစဉ်။

နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)သည် နိုင်ငံတကာတက္ကသိုလ် အသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား သင်ကြားပေးလျက်ရှိသည့် ခေတ်မီ အဆင့်မြင့် ICT နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ တီကျစက်ပစ္စည်းထုတ်လုပ်ရေး ပညာရပ်များနှင့် အဆင့်မြင့် ဒြပ်ပစ္စည်းထုတ်လုပ်ရေးပညာရပ်များကို သုတေသနအခြေခံပြီး လေ့ကျင့်သင်ကြားပေးသွားမည့် သုတေသနအခြေပြု တက္ကသိုလ်တစ်ခုအဖြစ် တစ်မူထူးခြားစွာ ပေါ်ထွက်လာမည်ဖြစ်၏။

ကျော်ရဲမင်း၏“အဆင့်မြင့်နည်းပညာရှင်များ မွေးထုတ်ပေးမည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)”
(ဆောင်းပါး) စာမျက်နှာ - ၈၊၉

၂၇-၉-၂၀၁၀
(တနင်္လာနေ့)

ရာသီမရွေး ခြင်နှိမ်နင်းရေး ပူးပေါင်းပါဝင်

မိုးရာသီနှင့် စွတ်စိုထိုင်းမှိုင်းသောကာလများတွင် ခြင်ပေါက်ပွားမှုများသည်။ ခြင်ကိုက်ခြင်းကြောင့် ကူးစက်ရောဂါများ အများဆုံးဖြစ်ပွားနိုင်သဖြင့် ခြင်ပေါက်ပွားမှုမရှိစေရန် ရာသီမရွေး ခြင်နှိမ်နင်းရေးတွင် လူတိုင်းပါဝင်ဆောင်ရွက်ကြရပေမည်။

ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများတွင် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးတို့သည် အသက်အန္တရာယ်ရှိသဖြင့် ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကြရပေမည်။ တောတောင်စိမ့်စမ်းရေများတွင် ပေါက်ပွားသော ခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်နိုင်သည်။ ခရီးသွားများပြားလာသည်နှင့်အမျှ ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ ကူးစက်နိုင်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်။

မြို့နယ်အချို့တွင် ငှက်ဖျားရောဂါ ကူးစက်မှုရှိနေသဖြင့် ငှက်ဖျားကြောင့် သေဆုံးမှု လျှော့နည်းပပျောက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြပြီ။ ငှက်ဖျားရောဂါ အဖြစ်များသည့် မြို့နယ်များရှိ ဆေးရုံနှင့် ဆေးပေးခန်းများတွင် ငှက်ဖျားရောဂါ စစ်ဆေးသည့် ပစ္စည်းကိရိယာများ ထားရှိပြီး ငှက်ဖျားကာကွယ်ဆေးများကို အခမဲ့ဖြန့်ဝေ ပေးလျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည်လည်း ရေကြည်ရေသန့်တို့တွင် ပေါက်ပွားသော ခြင်ကျားအကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်ဖြစ်ပွားသည်။ ရောဂါဖြစ်ပွားသူသည် အပူချိန်မြင့်မားပြီး အဖျားတာရှည်တတ်သည်။ သုံးရက်ခန့်အထိ အဖျားမကျခြင်း၊ အစာစားချင်စိတ်နည်းခြင်း၊ မကြာခဏ အန်ခြင်း၊ အဖျားကျသွားသော်လည်း မှိန်းနေခြင်း၊ ခြေဖျားလက်ဖျား အေးနေခြင်းတို့ဖြစ်ပါက နီးစပ်ရာဆေးရုံသို့ အမြန်သွားရောက် ပြသကုသမှု ခံယူကြရပေမည်။ သွေးလွန်တုပ်ကွေးတွင် မတည့်သည့်ဆေးဝါးများရှိသဖြင့် အဖျားကျဆေးများ အလွန်အကျွံ မတိုက်မိစေရန် သတိပြုကြရမည်ဖြစ်သည်။

ခြင်ကိုက်ခံရခြင်းသည် ရောဂါကူးစက်အန္တရာယ် ဖြစ်စေနိုင်သဖြင့် ခြင်ထောင်ဖြင့်အိပ်ခြင်း၊ အိမ်တွင်းအိမ်ပြင် ခြင်ခိုအောင်းနိုင်သည့် သောက်ရေသုံးရေ၊ ပန်းအိုးများ တစ်ပတ်တစ်ကြိမ် ဆေးကြောသွန်ပစ်ခြင်း၊ ရေစည်၊ အုတ်ကန်၊ ရေကန်များတွင် ပိုးလောက်လမ်းစား ငါးထည့်ခြင်း၊ ဆေးခတ်ခြင်းတို့ကို မပြတ်ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့အပြင် အိမ်ပြင်ပ၌ စွန့်ပစ်ထားသည့် ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်း၊ ပလတ်စတစ်ခွက်စသည်တို့ကိုလည်း ရှင်းလင်းမြေမြှုပ်ပစ်ကြရပေမည်။

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးအပါအဝင် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ရာသီမရွေး ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြပြီ။ ပြည်သူများအားလုံးက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အလိုက် ကျောင်းနှင့် နေအိမ်ဝန်းကျင် ခြင်နှိမ်နင်းရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

စက်တင်ဘာ ၃ ရက်က အင်းစိန် အလက(၁၀) ၂၀၀၉-၂၀၁၀ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းစာကြည့်တိုက်အတွက် သတင်းစာ တစ်နှစ်စာနှင့် ကျောင်းကျန်းမာရေးအတွက် ဆေးဝါးများ လှူဒါန်းသော မိဘဆရာအသင်းနာယက ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)အား အသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေယဉ်ဖြူ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ပညာရေး)

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးတင်ထွတ် သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၆

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက်၍ အမှာစကား ပြောကြားသည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သမဝါယမဦးစီးဌာန၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်၂၈၇၀ကျော်ရှိသည့်အနက် ၉၂၅ခိုင်နှုန်းကျော်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးတင်ထွတ်က အမှာစကားပြောကြားရာတွင် သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်၏ ငွေကြေးမူဝါဒအတွင်း၌ ချမှတ်ထားသည့် မူဝါဒများအရ အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်ကလည်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ၊ နည်းဥပဒေနှင့် ဗဟိုဘဏ် ဥပဒေများကို အလေးထား ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် စီးပွားရေးကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ငွေကြေးအရင်းအနှီး ဖြည့်ဆည်းပေးမည့် ပင်မရေသောက်မြစ်ဖြစ်ရန် အထူးလိုအပ်ကြောင်း၊ သမဝါယမဘဏ်အနေဖြင့် သမဝါယမအသင်းများနှင့် ပုဂ္ဂလိကများအား လိုအပ်သော ငွေကြေးများ ပိုမိုထုတ်ချေးလာသည်ကို တွေ့ရကြောင်း၊ ချေးငွေအများစုအနေဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ပြည်ပပို့ကုန်တင်ပို့ရေးတို့တွင် အထူးအာရုံစိုက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဘဏ်ခွဲများ ၁၉ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဘဏ်ခွဲသစ်များ ဖွင့်လှစ်နိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ဘဏ်၏ မတည်ငွေရင်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသကဲ့သို့ အပ်ငွေများလည်း ပိုမိုတိုးတက်များပြားလာကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေး ရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာ၊ အစုရှယ်ယာများအပေါ် အမြတ်ခွဲဝေမှုတို့ကို တင်ပြအတည်ပြုချက်ရယူ၍ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကာ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ကုန်သည် / စက်မှုအသင်းချုပ်နှင့် ထိုင်းဧည့်သည်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူတို့အား ITOCHU (Thailand) Ltd.မှ Chief Officer for Indo-China and President Mr. Keita Ishii ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စနှင့် စီးပွားရေးနှင့်စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့ အမှတ်(၃)ရပ်ကွက် မေဓာဝီလမ်းနေ ဦးစိုးဝင်း(ဆင်သရဖူ) မိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းရုံး အဆောက်အအုံနှင့် သင်တန်းခန်းမ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသိန်းကို ဖောင်ဒေးရှင်းအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Epson ပရင်တာထုတ်ကုန်သစ်များ မိတ်ဆက်တင်ပြ

ရန်ကုန် စက်တင်ဘာ ၂၆

ကမ္ဘာ့ဒစ်ဂျစ်တယ် ပုံထုတ်လုပ်မှုနှင့် ပရင်တာလုပ်ငန်းရှေ့ဆောင် Epson သည် အိမ်သုံးသာမက ရုံးသုံး၊ လုပ်ငန်းသုံးအဖြစ် ရည်ရွယ်ထားသော ပရင်တာထုတ်ကုန်သစ်များ၊ စကင်နာများအား မြန်မာနိုင်ငံ အိုင်တီဈေးကွက်၌ စတင်မိတ်ဆက်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၀ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Client Focus Technology Co., Ltd. မှ ဒါရိုက်တာ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Epson (Thailand) Co., Ltd. ၏ Marketing communication department မှ Senior Supervisor Mr. Jarun Artsavarungnirand က Epson corporate profile အကြောင်းအသေးစိတ်တင်ပြသည်။ ထို့နောက် Client Focus မှ Sale Manager ဦးမိုးအောင်ဇော်က မြန်မာနိုင်ငံ ဈေးကွက်အတွက် Epson မှ အသစ်ထုတ်လုပ်လိုက်သော အိမ်သုံးနှင့် တစ်ကိုယ်ရေသုံးဈေးကွက်အတွက် ပရင်တာအသစ်လေးမျိုး၊ စကင်နာနှစ်မျိုး၊ စီးပွားရေးနှင့် လုပ်ငန်းသုံးအတွက် ပရင်တာနှစ်မျိုးတို့နှင့် ပတ်သက်၍ ရောင်စုံဆလိုက်များ၊ နမူနာပစ္စည်းများဖြင့် လက်တွေ့အသုံးပြုပြီး အသေးစိတ်ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် မိတ်ဆက် တင်ပြသော ပရင်တာများအနက် အိမ်သုံး ဈေးကွက်အတွက် ထုတ်လုပ်ထားသော Epson Stylus™ T13, Epson Stylus™ TX 121,Epson Stylus™ TX220 ပရင်တာများသည် တစ်ကိုယ်ရေနှင့် အိမ်သုံးကွန်ပျူတာ အသုံးပြုသူများအတွက် လိုအပ်ချက်များကို အပြည့်အဝပေးစွမ်းနိုင်သည်။ Epson Perfection™ V33 နှင့် Epson Perfection™ V330 Photo Scanner များကလည်း စာရွက်စာတမ်းများ၊ ဓာတ်ပုံများ ကူးယူသိမ်းဆည်းရန်အတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သည်။ အထူးသဖြင့် V330 Photo Scannerသည် အရွယ်အစားကြီးမားသော စာရွက်စာတမ်းများကို တစ်ပိုင်းစီ ကူးယူဆက်စပ်ပေးနိုင်သည်။ ထို့အတူ Epson ME32, Epson ME 320နှင့် Epson Stylus ™ Office T1100 တို့ကိုလည်း ရုံးများ၊ အဖွဲ့အစည်းများအတွက် လုပ်ငန်းသုံး ပရင်တာများအဖြစ် ချဲ့ထွင်ထုတ်လုပ်ထားသည်။ စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းအထောက်အကူပြု ပရင်တာများအဖြစ် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပြီး A3 အရွယ်အစားအထိ ပုံနှိပ်ရိုက် ထုတ်နိုင်သည်။

Epson ပရင်တာအပါအဝင် Epson ထုတ်ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ အသုံးပြုနေကြသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ပေးနိုင်ရန်အတွက် Showroom အသစ်နှင့် ဝန်ဆောင်မှုစင်တာ (Solution Centre) ကိုလည်း Client Focus Technology Co., Ltd. အမှတ် (၂၅) (၂၆) ဘုရင့်နောင်လမ်း လှိုင်မြို့နယ်တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၅၂၃၅၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံ) ကျောင်းတွင်း အားကစားလှုပ်ရှားမှု အဖြစ် နွေရာသီ အခြေခံဘတ်စကက်ဘောသင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ကြသော ဘတ်စကက်ဘောပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်က ယင်းကျောင်း ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပရာ အမျိုးသား (က)အသင်းနှင့် အမျိုးသား (ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်း ကမ်းနားလမ်းသစ်ဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ်ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ကူးသန်းရောင်းဝယ်ရေးဌာန တန် ၃၆၀ ဆန်ဖြူချော စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ထို့နောက် အတွင်းရေးမှူး(၁)သည် စက်ရုံတည်ဆောက်ပြီးစီးမှု၊ ဆန်ကြိတ်ခွဲမှုအခြေအနေနှင့် တစ်လုံးလျှင် တန်(၁၀၀၀)ဆံ့ Steel Silo ၁၀လုံး တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဆိပ်ကမ်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ကုန်သေတ္တာစခန်း အဆင့်မြှင့်တင်တည်ဆောက်ရန်အတွက် ပိုင်ရိုက်သွင်းပြီးစီးမှု အခြေအနေနှင့် ပိုင်ရိုက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ကမ်းနားလမ်းသစ်

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ကမ်းနားလမ်းသစ် စတင်ဖောက်လုပ်မည့် ထီးတန်းကြက်လျှာစွန်းသို့ ရောက်ရှိပြီး လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကမ်းနားလမ်းသစ်အဆုံးဖြစ်သည့် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဈေးလမ်းထိပ်သို့ ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မြိတ်တပ်နယ်အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မြိတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက်တွင် မြိတ်တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ တပ်နယ်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တပ်နယ်အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကြပြီး မြိတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းရှိ ပထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (General Assembly of ASEAN Inter- Parmentary Assembly AIPA) သို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် ပြန်လည်ရောက်ရှိလာသည်။ ဒုတိယရှေ့နေချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ AFC President's Cup **မှ**

ပထမဦးဆုံး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးကာ မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်နိုင်ခဲ့သည်။ ဒိုဗွိုင်းဒိုင်နမိုအသင်းမှာ တတိယအကြိမ် ချန်ပီယံဆု ဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် အချည်းနှီးဖြစ်ခဲ့ရသည်။ ပြိုင်ပွဲကျင်းပခဲ့သည့် ခြောက်ကြိမ်စလုံးတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် ဒိုဗွိုင်းဒိုင်နမိုအသင်းမှာ လေးကြိမ်မြောက် ဒုတိယနှင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပွဲချိန်အတွင်းမှာ ဒိုဗွိုင်းဒိုင်နမိုအသင်းက ကစားကွက်နှင့် ခြေစွမ်းပိုင်းတွင် ရတနာပုံအသင်းထက် သာလွန်ကောင်းမွန်ခဲ့သည်။ သို့သော် တိုက်စစ်မှူးများအခွင့်အရေးကို ပိုင်နိုင်စွာအသုံးမချနိုင်ခြင်းတို့ကြောင့် ဂိုးမရရှိခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာမူ တစ်ဖက်အသင်းကို ထိုးဖောက်နိုင်မှု အားနည်းသော်လည်း ရသည့်အခွင့်အရေးကို အသုံးချနိုင်ခဲ့၍အချိန်ပိုတွင် ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ကိုနေးက အချိန်ပို ခုနစ်မိနစ်တွင် သွင်းယူခဲ့သည်။ ချေပဂိုးရရှိရန် ဒိုဗွိုင်းဒိုင်နမိုက ကြိုးစားသော်လည်း ဂိုးမရရှိဘဲ ရှုံးနိမ့်သွားခဲ့သည်။

ဆုချီးမြှင့်

ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်းမန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အနိုင်ရဗိုလ်စွဲသွားသည့် ရတနာပုံ(မြန်မာ)အသင်း၊ ဒုတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရ ဒိုဗွိုင်းဒိုင်နမို(ကာဂျစ္စတန်)အသင်း၊ အကောင်းဆုံး ဘောလုံးသမားဆုရ မာလင်(ဒိုဗွိုင်းဒိုင်နမို)၊ ဂိုးသွင်းအများဆုံးဆုရ အူစမာနေ့ဇ် (ဗာကက်ရှ်)တို့အား အသီးသီး ဆုများချီးမြှင့်ခဲ့ကြသည်။

ဆုဖလားချီးမြှင့်

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်းမန်း အနိုင်ရဗိုလ်စွဲသွားသည့် ရတနာပုံဘောလုံးအသင်းအား ဆုဖလားချီးမြှင့်စဉ်။

ဥတုရာသီ တောကိုမိုး၏

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အထူးလေးစားအပ်ပါသော သောတရှင် လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား-

ကျွန်တော်ကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော် ဖြစ်ပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စာပေယဉ်ကျေးမှုဆိုင်ရာတွေကို ဆွေးနွေးတင်ပြသွားပါမယ်။

ပထမဦးစွာ ပအိုဝ်းလူမျိုးအကြောင်း တင်ပြပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လူမျိုးတစ်ရာကျော်ရှိတဲ့အထဲမှာ ပအိုဝ်းလူမျိုးလည်းအပါအဝင် ဖြစ်ပါတယ်။ ၁၈၉၇ခုနှစ်မှာ လူဦးရေ ၁၁၃၃၇၁ရှိကြောင်း၊ ၁၉၀၈ ခုနှစ်မှာ လူဦးရေ ၁၂၄၉၀၀ ရှိကြောင်း၊ ၁၉၃၀ပြည့်နှစ်မှာ ၂၂၃၀၀၀နှင့် မျက်မှောက် ၂၀၁၀ ပြည့်နှစ်မှာ ၁၀သိန်းထိရှိလာကြောင်း မှတ်တမ်းများက ဖော်ပြထားကြပါတယ်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွေမှာ ပျံ့နှံ့စွာ နေထိုင်ကြလျက်ရှိပါတယ်။

နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုတွေမှာ ပအိုဝ်းအမျိုးသားတွေ နိုးကြားတက်ကြွစွာပါဝင်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေးမှတ်တိုင်တစ်ခုဖြစ်တဲ့ ပင်လုံစာချုပ်မှာ ပအိုဝ်းခေါင်းဆောင် ဦးဖြူက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာအဝန်း လူမျိုးအသီးသီးတို့က နိုင်ငံရေးနိုးကြားတက်ကြွလာကြပါတယ်။ ၁၉၄၇ ခုနှစ်မှ ပအိုဝ်းစုစည်းအဖွဲ့ခေါ် ပအိုဝ်းလွိုင်ဗွူအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ)အနေနှင့် ၁၉၅၂ ခုနှစ်မှာ ပါလီမန်အမတ် (၃)ဦး၊ ၁၉၅၆ခုနှစ်မှာ ပါလီမန်အမတ် (၃)ဦး၊ ၁၉၆၀ပြည့်နှစ်မှာ ပါလီမန်အမတ်(၃)ဦးနှင့် ၁၉၉၀ပြည့်နှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲမှာ မြို့နယ်သုံးမြို့နယ်မှာ ရွေးချယ်တင်မြှောက်ခံခဲ့ကြရပါတယ်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) အနေနှင့် ၁၉၉၁ခုနှစ်မှာ နိုင်ငံတော်နဲ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ရယူခဲ့ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ စာပေနှင့် ယဉ်ကျေးမှုလုပ်ငန်းတွေကို နိုင်ငံတော်နှင့်လက်တွဲပြီး နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းတွေ ရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ နိုင်ငံတော်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ၂၀၀၈ ခုနှစ်မှာ ပြည်လုံးကျွတ်ပြည်သူ့ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ အခြေခံဥပဒေနဲ့အညီ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ နိုင်ငံရေးပါတီများရဲ့ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးပြီး မှတ်ပုံတင်ရန် ကြေညာခဲ့ပါတယ်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အနေနဲ့ ယခင်ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(UPNO) အမည်ကို ဆက်လက်အသုံးမပြုတော့ဘဲ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ကိုသာ ဆက်လက်ဖွဲ့စည်းရန် ၂၀၁၀ပြည့်နှစ် မတ်လ ၂၄ ရက်နှင့် ၂၅ ရက်နေ့မှာ ပဥ္စမအကြိမ် ပအိုဝ်းအမျိုးသားစုညီလာခံကို တောင်ကြီးဌာနချုပ်မှာ အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်တွေကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ အချင်းချင်း သွေးစည်းညီညွတ်ရေးနှင့် ပအိုဝ်းအမျိုးသားများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန် အခြားသော တိုင်းရင်းသား ညီအစ်ကိုတွေနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်တွေကတော့ တိုင်းရင်းသားလူမျိုးများ အချင်းချင်း ယဉ်ကျေးမှုများဖလှယ်သွားရန်၊ စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီအောင် ပညာပေးစည်းရုံးရန်၊ သီးနှံထွက်ကုန်များ ပြည်တွင်းပြည်ပသို့ တင်ပို့ရန်၊ ပအိုဝ်း အမျိုးသားအတတ်ပညာရှင်၊ အသိပညာရှင်များ မွေးထုတ်သွားရန်တို့ ဖြစ်ပါတယ်။ ကျွန်တော်တို့လမ်းစဉ်ဟာ ဖိနှိပ်လက်ဝါးကြီးအုပ်တဲ့ ကျဉ်းမြောင်းတဲ့ လူမျိုးရေးလမ်းစဉ်မဟုတ်ပါ။ ပအိုဝ်းတိုင်းရင်းသားတွေဟာ စစ်ဒဏ်၊ ပဒေသရာဇ်စနစ်ဒဏ်တွေကြောင့် အသိအမြင်ခေတ်နောက်ကျခဲ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ ခေတ်နောက်ကျခဲ့ရတယ်။ အမျိုးသားတိုးတက်လာအောင် ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ကို ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်၊ မြို့နယ်အလုပ်အမှုဆောင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမှုဆောင်နှင့် ကျေးရွာခေါင်းဆောင်၊ ကျေးရွာလူကြီးတွေနဲ့ အဆင့်ဆင့်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ အဖွဲ့အနေနှင့် ပအိုဝ်းတစ်မျိုးသားလုံး သွေးစည်းရေး၊ ပအိုဝ်းတစ်မျိုးသားလုံး ပအိုဝ်း အမျိုးသားအလံတော်အောက်မှာ စုစည်းရေး၊ အခြားရည်မှန်းချက်တူ တိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်ရေးအတွက် စည်းရုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမာခံအဆောက်အအုံဖြစ်တဲ့ စီးပွားရေးမတောင့်တင်းမခိုင်မာရင် အပေါ်ထပ်အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ လူမှုရေးလည်း တောင့်တင်းခိုင်မာလာမှာ မဟုတ်ပါဘူး။

ကျွန်တော်တို့ဒေသမှာ ပညာရေးကိုအဓိကထားပြီး စီမံချက်နှင့်ဆောင်ရွက်လာခဲ့ပါတယ်။ ကျေးရွာတိုင်း မူလတန်းကျောင်း ဖွင့်လှစ်ရေး၊ ကျေးရွာအုပ်စုတိုင်းအလယ်တန်းကျောင်း ဖွင့်လှစ်ရေး၊ မြို့နယ်တိုင်းအထက်တန်းကျောင်း ဖွင့်လှစ်ရေးနှင့် အထက်တန်းကျောင်းတိုင်း ရပ်ဝေးကျောင်းသူ၊ ကျောင်းသားတွေအတွက် ဘော်ဒါဆောင်ဖွင့်လှစ်ရေးဆိုပြီး ပြည်သူလှူပ်ရှားမှု အသွင်နှင့် ၁၉၉၁ခုနှစ်က စတင်အကောင်အထည် ဖော်ခဲ့ပါတယ်။ ကျေးရွာတိုင်းမှာ ပညာသင်ကြားမှု အပြည့်အဝ မဟုတ်သော်လည်း အတော်အသင့် အောင်မြင်မှုရှိလာပါတယ်။ တက္ကသိုလ်ဘွဲ့ရတွေလည်း တိုးလာပါတယ်။



စာမတတ်သူတွေနဲ့ လူမျိုးတိုးတက်အောင်၊ တိုင်းပြည်တိုးတက်အောင်လုပ်လို့ မရပါဘူး။ စာမတတ်ရင် ကိုယ့်စာကိုယ့်ယဉ်ကျေးမှုတွေကို မထိန်းသိမ်းနိုင်တဲ့အပြင် ပြည်ပယဉ်ကျေးမှုပါ စိမ့်ဝင်လွှမ်းမိုးသွားနိုင်ပါတယ်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက "ပညာဟာလူရဲ့ အသိဉာဏ်ကို ပြုပြင်တိုးချဲ့ရန် သက်သက်မဟုတ်၊ လူတွေရဲ့ စိတ်နေစိတ်ထား အယူအဆတွေကိုလည်း တိုးတက်စေရမယ်"လို့ဆိုခဲ့ပါတယ်။ ခေတ်မီတဲ့ နိုင်ငံတွေမှာ စာတတ်သူတွေနဲ့ နိုင်ငံထူထောင်နေကြပါတယ်။ ဒါကြောင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်အနေနှင့် ပညာဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ စည်းရုံးလုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

အာရောဂျံ၊ ပရမံ၊ လာဘံ အနာရောဂါကင်းစင်ပြီး ကျန်းမာတာဟာ မွန်မြတ်သောလာဘ်တစ်ပါးဖြစ်ကြောင်း ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ ကျန်းမာမှု ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတွေနှင့် ပြည့်စုံမှာဖြစ်ပါတယ်။ ရောဂါဝေဒနာကိုဖြစ်စေတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါး ညီညွတ်မျှတအောင် စိတ်ဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးတွေကို လေ့လာကြည့်ရင် ရောဂါဘယတွေ ထူပြောနေသေးတယ်။ လူ့သက်တမ်းတိုနေသေးတယ်။ ဖွားသေနှုန်း များနေသေးတယ်။ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးတွေ ဖွားသေနှုန်းကျပြီး လူ့သက်တမ်းတိုးလာအောင် ကျွန်တော်တို့ ကျန်းမာရေးဌာနအကူအညီနှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးစီးကျင်းပမယ့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွေမှာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)အနေနှင့် ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာ ဖြစ်ပါတယ်။ ဒီလိုအရွေးခံရတာဟာ ပအိုဝ်းရဲ့ သမိုင်းကြောင်း မမေ့မှိန်မပျောက်ကွယ်အောင် ထိန်းသိမ်းခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့နေရာမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ကူညီနိုင်အောင်၊ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ပအိုဝ်းအမျိုးသားများ၊ ဆင်းရဲမှု ခေတ်နောက်ကျမှုမှ လွတ်ရာလွတ်ကြောင်းအတွက် ဝင်ရောက်ရခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနှင့် မိဘပြည်သူတစ်ရပ်လုံးက မှန်ကန်တဲ့အတွေးအခေါ်၊ ပြည့်ဝတဲ့ခံယူချက်၊ ထက်သန်တဲ့စေတနာနှင့် ကျွန်တော်တို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)လွှတ်တော်အဆင့်ဆင့်ရဲ့ မဲပုံးထဲကို ဦးနှောက်ထဲက မဲတစ်ပြား ထည့်ဝင်ပေးရန် အထူးမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝိပဿနာ"တရားတော် (ဆရာတော်ဘဒ္ဒန္တကေသဝ)
- ၆း၄၅ ရှုတိုင်းလှသည် ပထက်တောင်အတုလရုံသီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၀)**
- ၈း၄၀ Road To Phyu Phyu Kyaw Thein Solo Concert
- ၈း၅၀ သာသနာရောင်ဝါ ထွန်းလင်းဖြာ. . . မြတ်သောအလှူတော်မင်္ဂလာ
- ၉း၀၅ Activities in The City
  - စစ်ကိုင်းအသင်း(ရန်ကုန်) ရုံးခန်းဖွင့်ပွဲ
  - People's Utility & Electronics Exhibition 2010 ပြပွဲမှ MSI ၏ မိတ်ဆက်ပွဲ
- ၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားနှင့် ခံတွင်းကျန်းမာရေးအကြောင်း)
- ၁၀း၀၀ ရိန်မိုးရဲ့ "ကောင်းကင်ကအချစ်ငှက်" တေးစီးရီးမိတ်ဆက်
- ၁၀း၁၅ ဆီထွက်သီးနှံများထဲမှ ဆီအုန်း
- ၁၀း၃၀ The Champion of Dance
- ၁၁း၀၅ Celebrity Choice (မိုးအောင်ရင်)
- ၁၁း၃၅ ငှက်ပြတိုက် (လျှော်ကားဥယျာဉ်)
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ တေးဂီတအစီအစဉ်
- ၁၂း၃၀ စာအုပ်ပြခန်း (Heart Magazine မှ အယ်ဒီတာချုပ် စောရတီနိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း)
- ၁၂း၅၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကွေကာအုပ်ဆန္ဒင်းမကင်း)
- ၁း၀၀ "ဝိပဿနာ"တရားတော် (ဆရာတော်ဘဒ္ဒန္တကေသဝ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝသူတို့ဟာသ (ဦးပေါ်စိန်)
- ၂း၄၅ FMF Selection
- ၃း၁၀ Activities in The City
  - စစ်ကိုင်းအသင်း(ရန်ကုန်) ရုံးခန်းဖွင့်ပွဲ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၀)**
- ၄း၄၅ ရိန်မိုးရဲ့ "ကောင်းကင်ကအချစ်ငှက်" တေးစီးရီးမိတ်ဆက်
- ၅း၀၀ Road To Phyu Phyu Kyaw Thein Solo Concert
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၇)**
- ၇း၂၀ ဗီဒီယိုပြခန်း
- ၇း၃၅ ဈေးဝယ်လမ်းညွှန်(Emerald Fash)
- ၈း၀၀ MRTV-4 သတင်း
  - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ စကားနပန်း (ဦးနှောက်နဲ့ဆုံးဖြတ်တာ ကောင်းတယ်၊ နှလုံးသားနဲ့ဆုံးဖြတ်တာ ကောင်းတယ်)
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၁)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ Activities in The City
  - People's Utility & Electronics Exhibition 2010 ပြပွဲမှ MSI ၏ မိတ်ဆက်ပွဲ
- ၁၁း၁၀ International Show Biz
- ၁၁း၁၅ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၁၁း၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (မျိုးထက်)
- ၁၂း၁၀ ရင်သွေးအတွက် သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၂း၂၀ လှပချစ်စရာ လက်မှုအနုပညာ (Love Flower)
- ၁၂း၄၅ Box Office Movies(Star Trek)
- ၁း၁၀ အများထဲကတစ်ယောက် (ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-မီးပွား)
- ၁း၂၅ Korea Seoul မြို့မြင်ကွင်း
- ၁း၅၀ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၂း၁၅ လမ်းညွှန်ပေးစပ် GPS
- ၂း၂၅ ရွှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (EFR ရော်ဘာစက်ရုံ)
- ၂း၅၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကွေကာအုပ်ဆန္ဒင်းမကင်း)
- ၃း၀၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၀ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
- ၄း၂၀ Rainforest Homeland (အပိုင်း-၁)
- ၄း၅၀ သာသနာရောင်ဝါ ထွန်းလင်းဖြာ. . . မြတ်သောအလှူတော်မင်္ဂလာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေ ရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ World Rabies Day, 2010 အထိမ်းအမှတ်၏ Rabies: Prevention is Crucial ခေါင်းစဉ်ဖြင့် ဆေးတက္ကသိုလ်(၁) ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာချစ်စိုးနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှ ဒုတိယ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ တင်တင်မြိုင်တို့က အောက်တိုဘာ ၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ဟောပြောပို့ချမည် ဖြစ်သဖြင့် စိတ်ပါဝင်စားသူ ဆရာဝန်များ၊ ဆေးကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

လေးစားအပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ၊ နိုင်ငံသားများ ခင်ဗျား -

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သားအားလုံးတို့ဟာ ဒီမိုကရေစီ ပြည်ထောင်စုကြီး၌ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချစ်ခင်ခင်၊ ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြစေရန် အလို့ငှာလည်းကောင်း။

လူမျိုးမရွေး၊ ကျား မ-မရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ်မရွေး၊ နေထိုင်ရာဒေသမရွေး၊ ငွေကြေး ဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုသားတိုင်းဟာ ဒုက္ခအပေါင်းမှ လွတ်မြောက်ရေးအတွက် ဒီမိုကရေစီကို တမ်းတမ်းတတ မျှော်လင့်နေကြတယ်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ယုံကြည်သော ဒီမိုကရေစီစနစ်မှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးတွင် လွတ်လပ်မှု၊ လွတ်လပ်စွာ တွေးတောကြံဆနိုင်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှုစတဲ့ လွတ်လပ်မှု အခြေခံအခွင့်အရေးများကို အပြည့်အဝခံစားနိုင်ကြရန် ဖြစ်တယ်။

ယနေ့ကာလဟာ ခေတ်စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ဆီသို့ အကူးအပြောင်းကာလဖြစ်တယ်။ တစ်မျိုးသားလုံးအတွက် မဖြစ်မနေဆောင်ရွက်ကြရမယ့် လုပ်ငန်းတာဝန်ကြီးများလည်း ရှိတယ်။ ထိုလုပ်ငန်းများ အောင်မြင်ထမြောက်စေဖို့ အေးချမ်းသာယာသော အခြေအနေနဲ့ အမျိုးသားချင်း ပြန်လည်ရင်ကြားစေ့နိုင်ရေးအတွက်လည်း အခြေအနေဖန်တီးပေးဖို့ လိုအပ်တယ်။

စီးပွားရေးနှင့်ပတ်သက်ပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးအတွင်း ပုဂ္ဂလိက၊ ပုဂ္ဂလိကနဲ့နိုင်ငံခြား၊ ပုဂ္ဂလိကနဲ့ အစိုးရ၊ အစိုးရနဲ့နိုင်ငံခြား၊ အစိုးရ အချင်းချင်းဖက်စပ်လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ အစိုးရမှ တာဝန်ယူရသော စီးပွားရေးကဏ္ဍဆိုပြီး အသီးသီးရှိမယ်။

လောလောဆယ် ရေတိုလုပ်ငန်းများအဖြစ်

(က) အခြေခံလူသုံးကုန်ပစ္စည်းများထုတ်လုပ်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် အားပေးမယ်။

(ခ) လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေး အခြေခံပေါ် မူတည်ပြီး အလုပ်အကိုင်များ ပေါ်ထွန်းစေမယ့်လုပ်ငန်းများကိုလည်း အားပေးမယ်။

(ဂ) တင်ရှိနေတဲ့ နိုင်ငံခြားချေးငွေများ လျှော့ပေါ့စေရေး၊ နိုင်ငံခြား အကူအညီများရရှိစေရေးအတွက် ကြိုးပမ်းမယ်။

(ဃ) လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အလုပ်အကိုင်ပေါ်ထွန်းစေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို ဖိတ်ခေါ်မယ်။ ယင်းလုပ်ငန်းများ အမြန်အကောင်အထည်ဖော်စေဖို့ အခွန်အကောက်လျှော့ပေါ့မှုစတဲ့ အထူးအခွင့်အရေးများပေးမယ်။

(င) ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးနိုင်ဖို့ လက်ရှိ ချုပ်ချယ်မှုများဖြစ်စေတဲ့ ဥပဒေအကန့်အသတ်များကို အမြန်ဆုံး ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ဆောင်ရွက်စေမယ်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် သာမန်စီးပွားရေးလုပ်ငန်းမျှသာ မဟုတ်တော့ဘဲ စီးပွားရေးလုပ်ငန်းကြီးဖြစ်နေပေပြီ။ ဒါ့ကြောင့် ယင်းကဏ္ဍကိုလည်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်။ ခရီးသွားလာမှု လွယ်ကူမြန်ဆန်ချောမွေ့စေရေး၊ အချိန်ကြာ ကုန်ကျစရိတ်များပြားတဲ့ ဟိုတယ်ကြီးများ တည်ဆောက်ခြင်းအပြင် ကုန်ကျစရိတ်သက်သာ လျင်မြန်စွာပြီးစီး၍ ဈေးသက်သာတဲ့ တည်းခိုခန်းများ တည်ဆောက်ရေးကိုလည်း ဦးတည်မယ်။

လောင်စာဆီမူဝါဒနှင့် ပတ်သက်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပြီး သဘာဝဓာတ်ငွေ့လောင်စာဆီ၊ ကျောက်မီးသွေးအပြင် ရေအား၊ လေအား၊ နေအားဖြင့် လျှပ်စစ်ထုတ်ယူနိုင်တဲ့ သဘာဝစွမ်းအင် ပေါများသောနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်း လိုအပ်သော လောင်စာစွမ်းအင်ရရှိဖို့ ဆောင်ရွက်ပေးမယ်။ စွမ်းအင်လောင်စာမှနေ၍ အမျိုးသားဝင်ငွေအမြောက်အမြား ရရှိနိုင်မှာဖြစ်ပေမယ့် ဖုံးပေါလအော ထုတ်လုပ်တင်ပို့ ရောင်းချခြင်းမဖြစ်စေဘဲ အမျိုးသားစွမ်းအင်လောင်စာမူဝါဒ ချမှတ်ပြီး သဘာဝအရင်းအမြစ်များကို စနစ်တကျဖြင့် မဟာဗျူဟာကျကျ စီမံကိန်းချ ထုတ်လုပ်ရောင်းချနိုင်စေရန် စီမံဆောင်ရွက်မယ်။

မီးသွေးနှင့်ထင်းကို လောင်စာအဖြစ် ပြည်သူများ အသုံးပြုနေခြင်းမှ အတတ်နိုင်ဆုံးလျှော့ချနိုင်စေဖို့ စီမံဆောင်ရွက်မှာဖြစ်သကဲ့သို့ မြစ်ချောင်းများကို တားဆီးပိတ်ဆို့ပြီး ရေအားလျှပ်စစ်ထုတ်လုပ်သော စီမံကိန်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ လူနေမှုပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အကျိုးအမြတ် ဖြစ်၊ မဖြစ်ကို လွတ်လပ်သော အသိပညာရှင်အဖွဲ့အစည်းများ၏ လေ့လာသုတေသနပြုချက်များအပေါ်တွင် မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်တယ်။ အမျိုးသားလောင်စာဆီမူဝါဒကို နိုင်ငံတော် အမျိုးသားလုံခြုံရေးမူဝါဒအဖြစ် ခံယူရေးဆွဲမယ်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနဲ့ပတ်သက်လို့ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေကြီးရေလျှံခြင်းစတဲ့ မိုးလေဝသဖောက်ပြန်ခြင်းနဲ့ သဘာဝ ဘေးအန္တရာယ်များ ထူပြောလာခြင်းဟာ သဘာဝပတ်ဝန်းကျင်နဲ့ ကမ္ဘာမြေကြီးကို စနစ်တကျ အသုံးချတတ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ပြည်သူလူထုလက်ခံလာစေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူချမှတ်ပြီး ပညာပေးဆောင်ရွက်မယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ တောတောင်၊ ချောင်းမြောင်းများ၊ သစ်တောများ ပေါများတဲ့အပြင် လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသတွင် မှီတင်းနေထိုင်ကြသော တောင်သူလယ်သမားများဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို တိုက်ရိုက်မှီခို လုပ်ကိုင်စားသောက်သူ ပိုမိုများပြားပါတယ်။

သစ်တောပြုန်းတီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ချောင်းမြောင်းများ သောင်ထွန်းခြင်း၊ ရေစီးကမ်းပြိုခြင်းစတဲ့အရာများဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပေါ်စေပြီး ယင်းဆိုးကျိုးများဟာ ပြည်သူများရဲ့ နိစ္စဓူဝ လူမှုဘဝ စားဝတ်နေရေးနဲ့ လုပ်ငန်းကိုင်ငန်းများကို တိုက်ရိုက်ထိခိုက်စေနိုင်တဲ့အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများဟာ ပြည်သူများရဲ့ ဧည့်ခန်း၊ အိပ်ခန်းနဲ့ မီးဖိုချောင်များမှ ပြဿနာများ တိုက်ရိုက်ဆက်စပ်နေတာကို အများပြည်သူ လက်ခံလာစေဖို့ ဆောင်ရွက်မယ်။

ပညာရေးမူဝါဒနဲ့ ပတ်သက်ပြီး ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဟာ ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိတဲ့ ပညာရေးစနစ်ကို ဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်မယ်။ အနည်းဆုံး အခြေခံမူလတန်းပညာကို အခမဲ့ မသင်မနေရ ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်မယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ခေတ်နဲ့အမီ ရင်ပေါင်တန်းနိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှ ကျွမ်းကျင်တဲ့ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်မယ်။

နိုင်ငံတကာပညာရေးစနစ်နဲ့ ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နှင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံဆောင်ရွက်မယ်။ တိုးတက်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ပြည်ထောင်စု မြန်မာနိုင်ငံသားများကို နိုင်ငံတကာလုပ်ငန်းခွင်တွင် ဝင်ရောက်ယှဉ်ပြိုင် သင်ကြားလေ့ကျင့်စေမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာ လူသားအရင်းအမြစ်ဈေးကွက်တွင် မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနဲ့ အတတ်ပညာများ သင်ကြားပေးခြင်းအားဖြင့် အစဉ်သဖြင့် မွမ်းမံပေးမယ်။

ကျန်းမာရေးမူဝါဒနဲ့ ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာအဆင့်သို့ရောက်အောင် တည်ဆောက်မယ်။ လူတိုင်း အခမဲ့ဆေးဝါးကုသခွင့်ကိုရှေးရှုဦးတည်ပြီး စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မယ်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတို့ဖြင့် ပေါင်းစပ်အကောင်အထည်ဖော်မယ်။

ဆေးကုသရေး၊ ကာကွယ်ရေးနဲ့ ပညာပေးလုပ်ငန်းများကိုဟန်ချက်ညီစေရန် အမျိုးသားကျန်းမာရေးမူဝါဒများ ချမှတ်ပြီး ပြည်သူ့ကျန်းမာရေးစနစ်ဖြင့် ကျေးလက်ဒေသ၊ နယ်စပ်ဒေသနဲ့ တောင်တန်းဒေသများပါမကျန် ကျန်းမာရေး စောင့်ရှောက်မှုရစေရန် ဆောင်ရွက်မယ်။ AIDS၊ ငှက်ဖျား၊ အဆုတ်ရောင်တီဘီရောဂါနဲ့ နူနာရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကနဲ့ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး အမျိုးသား ကျန်းမာရေးလုပ်ငန်းအဖြစ် ကာကွယ်တိုက်ဖျက်သွားမယ်။

လူမှုစောင့်ရှောက်ရေးမူဝါဒနှင့်ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသည် နိုင်ငံတော်အစိုးရနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းရဲ့ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ)က လက်ခံယုံကြည်တယ်။ အထူးသဖြင့် ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများ ဖြစ်တယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံး အခမဲ့ကုသကာကွယ်စောင့်ရှောက်မှုခံစားခွင့်များရရှိစေရန် စီမံဆောင်ရွက်မယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နဲ့ နေထိုင်တည်းခိုစရာ အိမ်ရာများကို ဈေးနှုန်းသက်သာစွာ နေထိုင်နိုင်ရေးအတွက် အမျိုးသား လူမှုစောင့်ရှောက်ရေးစီမံချက်အောက်တွင် အိမ်ရာများကို ဖန်တီးပေးမယ်။ စစ်မှုထမ်းဟောင်းများနဲ့ ပင်စင်စား သက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များရရှိစေရန်နဲ့ သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်ရန် စီမံဆောင်ရွက်ပေးမယ်။



တောင်သူ လယ်သမားရေးနဲ့ ပတ်သက်ပြီး ကိုယ်တိုင်လယ်လုပ်သူများ အပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် လယ်ယာမြေအပါအဝင် ပုဂ္ဂလိကမြေယာပိုင်ဆိုင်ခွင့် ရရှိစေမယ်။ ပိုင်ဆိုင်ခွင့်ရှိသည်နှင့်အညီ ပြောင်းလဲခွင့်၊ အမွေပေးခွင့်၊ ရောင်းချပေါင်နှံခွင့် စတဲ့ အခွင့်အရေးတို့လည်း ရှိစေရမယ်။

လယ်ယာမြေလုပ်ငန်းအတွက် လိုအပ်သော မျိုးကောင်း မျိုးသန့်နဲ့ အထွက်တိုး မျိုးစပါးရရှိရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ကြိတ်ခွဲရေး အပါအဝင် လယ်ယာမြေပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သော ပံ့ပိုးမှုများကို စိုက်ပျိုးရေးဘဏ်များ တိုးတက်ဖွင့်လှစ်၍ စိုက်ပျိုးစရိတ်ငွေထုတ်ချေးနည်းအရသော်လည်းကောင်း၊ နိုင်ငံတော်မှလည်းကောင်း ပံ့ပိုးကူညီမယ်။

ပုဂ္ဂလိကစက်မှုလယ်ယာနဲ့ နှစ်ရှည်သီးပင်၊ စားပင်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေလွတ်၊ မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ခြင်း ခွင့်ပြုမယ်။ လယ်ယာမြေမှ စိုက်ပျိုးထုတ်လုပ်သော ဆန်စပါးနဲ့ အခြားသီးနှံမျိုးစုံတို့ကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ သိုလှောင်ကြိတ်ခွဲခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ ရောင်းချခွင့်များ ရရှိစေရမယ်။

ခေတ်မီစိုက်ပျိုးရေး၊ လယ်ယာမြေထုတ်ကုန် တိုးတက်ရေးတို့အတွက် ခေတ်မီနည်းပညာတိုးတက်စေရန်နှင့် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလိုက်နိုင်စေဖို့ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ရယူမယ်။ ကမ္ဘာ့ကုလသမဂ္ဂ အထူးအေဂျင်စီများအကူအညီဖြင့် သော်လည်းကောင်း၊ အခြားနည်းအားဖြင့် သော်လည်းကောင်း တောင်သူလယ်သမားများအား ပံ့ပိုးကူညီမယ်။

နိုင်ငံခြားရေးနဲ့ပတ်သက်ပြီး မိမိတို့နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ ဂုဏ်သိက္ခာကိုမထိခိုက်စေဘဲ အောက်ပါအခြေခံမူများနဲ့အညီ နိုင်ငံခြားရေးမူဝါဒကို လိုက်နာကျင့်သုံးမယ်-

(က) ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂရဲ့ အခြေခံမူဝါဒများ၊ နိုင်ငံတကာမှာ လိုက်နာကျင့်သုံးအပ်သော နိုင်ငံအချင်းချင်းဆက်ဆံရေး ကျင့်ဝတ်များနှင့်အညီ ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ ဆက်ဆံပေါင်းသင်းရမယ်။

(ခ) နိုင်ငံတစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို အပြန်အလှန်လေးစားရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လက်နက်ကိုင် ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်းတန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးတူဖြစ်ထွန်းမှုရှိစေရေးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသော နိုင်ငံတကာဆက်ဆံရေးမူကြီး (၅)ချက်နဲ့အညီ လိုက်နာကျင့်သုံးမယ်။

(ဂ) နိုင်ငံတကာရေးရာမှာ မိမိနိုင်ငံရဲ့အကျိုးကျေးဇူးကို မဆန့်ကျင်စေဘဲ မှန်ကန်တဲ့ဘက်မှ နိုးကြားတက်ကြွလွတ်လပ်စွာ ရပ်တည်မယ်။

(ဃ) နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမှုကို ဦးထိပ်ထားလျက် မိမိတို့ရဲ့မူဝါဒ ရည်ရွယ်ချက်များနဲ့တူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မယ်။

(င) ကုလသမဂ္ဂ အထူးအေဂျင်စီအဖွဲ့အစည်းများအပါအဝင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းစသည်တို့ထံမှ နိုင်ငံ၏အကျိုးရှိမှုနှင့် ဂုဏ်သိက္ခာကို မထိခိုက်စေသော အကူအညီအထောက်အပံ့များရရှိစေဖို့ ဆောင်ရွက်မယ်။

ယင်းသို့သော မွန်မြတ်တဲ့ ရည်ရွယ်ချက်များဖြင့် "ဒီမိုကရက်တစ်ပါတီ (မြန်မာ)" ကို တည်ထောင်ဖွဲ့စည်းလိုက်ပါတယ်။

ပြည်သူတို့ဆန္ဒနဲ့တစ်ထပ်တည်းကျမယ်လို့ ယူဆတဲ့အတွက် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကိုယ်စားလှယ်များအား ဆန္ဒမဲပေးကြပါ။

ပြည်သူမှ-ပြည်သူသို့-ပြည်သူ့အတွက် ဒီမိုကရက်တစ်ပါတီ (မြန်မာ)။ ကျေးဇူးတင်ပါတယ်။

❒ ကမ္ဘာကြီးမှ

ကုလသမဂ္ဂအဖွဲ့အစည်း (UN Agency) အချို့နှင့် INGO အဖွဲ့အစည်းအချို့က ကျေးလက်ရေရရှိရေး ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆိုလာစနစ်သုံးစွဲခြင်းများ ရှိခဲ့သည်။ ဤသို့ဖြင့် ဆိုလာသုံးစွဲမှုများမှာ အသင့်အတင့်ရှိသည်ဟု ပြောနိုင်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပေ။ ဤအနေအထားမှ နှစ်အနည်းငယ် အချိန်အတွင်း ဆိုလာစွမ်းအင်အပေါ် လူထု၏စိတ်ဝင်စားမှုမှာ မြင့်တက်လာခဲ့သည်ဟုထင်သည်။ အရည်အသွေးမြင့် Solar တံဆိပ်အမှတ်အသားများ ဈေးကွက်တွင် ဝင်ရောက်လာခြင်း၊ ဆိုလာတပ်ဆင်သုံးစွဲရန် နည်းပညာကျွမ်းကျင်မှုရှိပြီး စနစ်ကျသည့် ဆိုလာဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာခြင်း၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား Media များတွင် ဆိုလာနှင့်စပ်လျဉ်း၍ သတင်းများ၊ အစီအစဉ်များ ဖော်ပြထုတ်လွှင့်ခြင်း၊ ဈေးရောင်းပွဲတော်၊ ကုန်စည်ပြပွဲများတွင် ဆိုလာပြခန်းများ ပါဝင်ပြသခြင်းများကြောင့် ဆိုလာစွမ်းအင်အပေါ် လူထု၏ စိတ်ဝင်စားမှုများမှာ မြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံ Solar သုံးစွဲမှု အနေအထားကို ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်ပြီး SANYO အမှတ်တံဆိပ် ဆိုလာပြားများကို တင်သွင်းဖြန့်ဖြူးနေသည့် OK Myanmar Co.,Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်ကို မေးမြန်းကြည့်ရာ ၎င်းက "ကျွန်တော်တို့ဆီမှာ ဆိုလာသုံးစွဲမှုက အရင်ကထက်စာရင် ပိုအသုံးများပြီး စိတ်ဝင်စားလာကြပါပြီ။ အရင်တုန်းကတော့ ပုံမှန်လျှပ်စစ်မီး မရတဲ့ ကျေးလက်ဒေသတွေမှာ အိမ်သုံးမီး(Lighting) အနေနဲ့ သုံးရာကနေ စီးပွားရေးလုပ်ငန်းငယ်လေးတွေ၊ ပုံမှန်လျှပ်စစ်မီးရတဲ့ မြို့ကြီးတွေမှာလည်း အိမ်သုံးအနေနဲ့ တပ်ဆင်အသုံးပြုလာတာတွေ ရှိလာပါပြီ။ လူအများစုကကို စိတ်ဝင်စားကြတယ်၊ သုံးချင်တဲ့ ဆန္ဒလည်းရှိတယ်။ ဒါပေမယ့် ဆိုလာအကြောင်း သေသေချာချာမသိသေးတာရယ်၊ ကုန်ကျစရိတ်က မီးစက်သုံးတာနဲ့စာရင် များနေတော့ သုံးဖို့ရာ မဝံ့မရဲဖြစ်နေတာတွေရှိတယ်။

"ဒါပေမယ့် ဆိုလာက မီးစက်သုံးတာထက်စာရင် ရေရှည်မှာ ကုန်ကျစရိတ်သက်သာတော့ ဒီ အားသာချက်ကိုသိပြီး လက်ခံလာတဲ့အချိန်မှာ သုံးစွဲသူတွေများလာမှာပါ" ဟု တွေးတွေးဆဆ ပြောသည်။ မီးစက်သုံးတာထက် ဆိုလာက သက်သာတယ်ဆိုတာ ဘယ်လိုသက်သာတာလဲ၊ ဘယ်လောက်သက်သာတာလဲ ထပ်ပြီးစူးစမ်းကြည့်တော့ ၎င်းက "ဆိုလာပြားဆိုတာ နှစ်ရှည်သုံးနိုင်တယ်။ ကျွန်တော်တို့တင်သွင်းတဲ့ SANYO ဆိုလာဆိုရင်နှစ် ၂၀ အာမခံပေးတယ်။ အဲဒီပေးတဲ့ အာမခံကလည်း ကျွန်တော်တို့ကုမ္ပဏီက ပေးတာမဟုတ်ဘူး။ ထုတ်လုပ်တဲ့ SANYO Electric Coporation က ပေးတာ၊ Battery တို့၊ Inverter တို့ဆိုရင်လည်း ဆိုလာနဲ့ တွဲသုံးရမယ့်ပစ္စည်းတွေကို သုံးရင် အနည်းဆုံး နှစ်နှစ်၊ သုံးနှစ်လောက်ခံပါတယ်။ ဒီပစ္စည်းတွေကလည်း ပြည်တွင်းမှာပဲ အလွယ်တကူ ဝယ်လို့ရပါတယ်။ ဈေးလည်းသက်သာတယ်။

"ကျွန်တော်တို့ ဆိုလာတပ်ဆင်ခဲ့တဲ့ လုပ်ငန်းတွေထဲက တစ်ခုကို နှိုင်းယှဉ်ပြမယ်။ စလင်းမြို့မှာ ရွက်စိမ်းဆိုတဲ့ ကွန်ပျူတာနဲ့ အင်တာနက်သင်တန်းကျောင်းလေး ဖွင့်ထားတဲ့ သုံးစွဲသူတစ်ယောက်က SANYO ဆိုလာကို တပ်ဆင်တယ်။ ကွန်ပျူတာက ၁၁ လုံးနဲ့ IP Star စက်တစ်စုံ၊ လေးပေမီးချောင်း ခြောက်ချောင်းလောက် သုံးတယ်။ သုံးချိန်က နေ့ ၇ နာရီ၊ ည ၄ နာရီ လောက်ရှိတယ်။ ညဘက် ပုံမှန်မီးရတဲ့အချိန် မီးသုံးတယ်။ Solar တပ်လို့ ကုန်ကျစရိတ်က ၄၈ သိန်းလောက်ရှိတယ်။ သူ့အနေနဲ့ Solar မသုံးခင်က မီးစက်ကိုသုံးရတာ တစ်နေ့ကို ဒီဇယ်ဆီ နှစ်ဂါလန်လောက် ကုန်တယ်။ ဆီဖိုးက တစ်နေ့ကို ၆၀၀၀ ကျပ်လောက်နဲ့တွက်ရင် တစ်နှစ်ကို ဆီဖိုး ၂၂ သိန်းလောက်ကုန်မယ်၊ နှစ်နှစ်ကျော်ကျော်ဆိုရင် ဆိုလာအတွက် ရင်းရတဲ့ငွေလောက် ဆီဖိုးကကုန်သွားပြီး ကျန်တဲ့ နှစ်တွေမှာ Battery၊ Inverter လဲရတာရှိမှာပေါ့ဗျာ။ ဒါပေမယ့် ကုန်ကျစရိတ်က သိပ်မများတော့ဘူး။

"ဒါက ငွေကြေးသက်သာမှုတစ်ခုတည်းကို နှိုင်းယှဉ်ပြတာ၊ အသံဆူတာတို့၊ မီးဘေးအန္တရာယ်စိုးရိမ်ရတာတို့၊ တပည့်တွေ၊ အလုပ်သမားတွေက ဆီအလွဲသုံးစားလုပ်မှာတို့၊ မီးစက်ပျက်လို့ပြင်ရတာ၊ အလုပ်ပျက်ရတာ အများကြီးပဲ။ ဒါထက် ကြီးကြီးကျယ်ကျယ်ပြောရရင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေတာတို့၊ ရာသီဥတုဖောက်ပြန်တာတို့ အများကြီးပြောလို့ရသေးတယ်။ ဆိုလာက ကနဦးရင်းနှီးရတဲ့ ငွေကတော့များတယ်။ ဒါပေမယ့် ရေရှည်မှာ ကုန်ကျစရိတ် မည်မည်ရရမရှိတော့ သုံးရတာတွက်ခြေကိုက်တယ်၊ 'သိသူဖော်စား၊ မသိသူကျော်သွား' ဆိုသလိုပဲ။ သေချာသိပြီး လေ့လာထားတဲ့သူတွေက ဆိုလာကို သုံးနေကြပါပြီ။ ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့ဗျာ၊ ဆိုလာသုံးတာ တွက်ခြေကိုက်ဖို့ဆိုရင် ရေရှည်သုံးရမှဖြစ်မှာ။ ရေရှည်သုံးနိုင်ဖို့ကလည်း အရည်အသွေးအာမခံချက်ရှိတဲ့ ဆိုလာ အမျိုးအစားတွေ၊ ဆိုလာနဲ့ တွဲသုံးရမယ့်ပစ္စည်းတွေကို သုံးဖို့လိုသလို နားလည်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတွေ တွက်ချက်ပေးတဲ့အတိုင်း၊ သူတို့တပ်ဆင်ပေးတဲ့အတိုင်း သုံးဖို့လိုပါတယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။

စိုက်ပျိုးရေးနှင့် ရေရရှိရေးလုပ်ငန်းတွေမှာ ဆိုလာကို ပိုသုံးသင့်သည်

ဆက်လက်ပြီး ကျွန်တော်က "ဆိုလာက ဈေးကြီးတော့ ကျွန်တော်တို့ဆီမှာ သုံးနိုင်ပါ့မလား။ ဘယ်လိုနေရာမျိုးတွေမှာ သုံးကြသလဲ" ဟုမေးမြန်းခဲ့ရာ ဦးဇော်ဝိတ်က "ဆိုလာက ကနဦး မတည်ရင်းနှီးမှု ကုန်ကျစရိတ်များတယ်လို့တော့ ပြောနိုင်ပါတယ်။ ဒါကလည်း သုံးတဲ့ဆိုလာပြား အမျိုးအစား၊ တွဲဖက်သုံးစွဲရတဲ့ ပစ္စည်းတွေ၊ အမျိုးအစားတွေအလိုက် ဈေးနှုန်းတွေ ကွာသွားတာပါ။ ဆိုလာမှာက ကုန်ကျစရိတ်ကို တစ်သမတ်တည်းပြောလို့မရဘူး။ ပုံမှန်လျှပ်စစ်မီးမရသေးတဲ့ နေရာဒေသတွေမှာ မီးအလင်းရောင် သက်သက်ပဲရဖို့ ဈေးနှုန်းသက်သက်သာသာနဲ့ ပုံသေဈေးသတ်မှတ်ပြီး Package တွဲရောင်းတာတွေတော့ ရှိပါတယ်။ ဒါက မီးအလင်းရောင် ရရုံပဲဆိုတော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဝန်အားများတဲ့သုံးစွဲမှုတွေမှာတော့ နားလည်တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတွေနဲ့ တွက်ချက်တပ်ဆင်ပြီး သုံးဖို့လိုအပ်ပါတယ်။

"ကျွန်တော်တို့ဆီမှာတော့ အများစုက ဆိုလာကို မီးအလင်းရောင်ရဖို့အတွက်ပဲ သုံးနိုင်တာလို့ယူဆကြတာ။ ဆိုလာက ဘယ်လိုလျှပ်စစ်ဓာတ်အား သုံးစွဲမှုမျိုးမဆို

ကျောက်တန်းမြို့နယ် ကဏန်းမွေးမြူရေးဇုန်တွင် ရေတင်ခြင်းနှင့် Deep Freezer များ အသုံးပြုခြင်းအတွက် 1 KW SANYO Solar System အသုံးပြုထားပုံ။

သုံးနိုင်ပါတယ်။ နိုင်ငံတကာမှာဆိုရင် ၂၅ မဂ္ဂါဝပ်လောက်ရှိတဲ့ ဆိုလာဓာတ်အားပေးစက်ရုံတွေအထိ ရှိနေပြီ။ ကျွန်တော်တို့ဆီမှာလည်း စီးပွားရေးလုပ်ငန်းတွေ၊ ဝန်အားများများသုံးတဲ့ အိမ်သုံးတွေမှာလည်း သုံးနေပါပြီ။ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ တချို့အိမ်တွေဆိုရင် ရေခဲသေတ္တာ၊ လေအေးပေးစက်တွေကို ဆိုလာစနစ်နဲ့ တပ်ဆင် အသုံးပြုတာတွေ တော်တော်များများရှိတယ်။ အဲဒီအိမ်တွေမှာ ပုံမှန်မီးရနေပေမယ့်လည်း ပုံမှန်မီးမရတဲ့ အခိုက်အတန့်မှာ မီးစက်ကိုမသုံးချင်ကြဘူး။ ဆူဆူညံညံအသံတွေ မခံနိုင်တာတို့၊ မီးဘေးအန္တရာယ်ရှိတာတို့၊ မီးစက်နှိုးရတာ၊ ပိတ်ရတာ ကရိကထများတာတွေကြောင့် ဆိုလာကိုသုံးကြတာ၊ စီးပွားရေး လုပ်ငန်းတွေမှာတော့ သိပ်ပြီးကျယ်ကျယ်ပြန့်ပြန့်တော့ မသုံးကြသေးဘူး။

"လျှပ်စစ်မီးရဖို့ အမြဲတမ်းလိုအပ်နေပြီး သိပ်လည်းရင်းနှီးမြှုပ်နှံမှုမများတဲ့ ကွန်ပျူတာသင်တန်းကျောင်းတွေ၊ အင်တာနက်ဆိုင်တွေ၊ မိတ္တူကူးတဲ့ လုပ်ငန်းတွေမှာတော့ သုံးနေကြပြီ။ ငါးမွေးမြူရေးလုပ်ငန်းတွေ၊ ကဏန်းမွေးမြူရေး လုပ်ငန်းတွေမှာလည်း သုံးကြပါတယ်။ လူတွေသိလာတာနဲ့အမျှ သုံးစွဲမှုတွေ ကျယ်ပြန့်လာမှာ" ဟု ဆိုသည်။ တစ်ဆက်တည်းပင် ဦးဇော်ဝိတ်က "ဆိုလာစွမ်းအင်ကတော့ နောင်လာမယ့် အနာဂတ်ကာလမှာ ကျွန်တော်တို့အားလုံး မလွဲမသွေသုံးကြရမှာပါ။ ကျွန်တော်တို့ဆီမှာဆိုရင် ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးလာနိုင်ခဲ့ရင် စီးပွားရေးလုပ်ငန်းအသစ်တွေ ဖြစ်ထွန်းလာနိုင်သလို စိုက်ပျိုးရေးကဏ္ဍမှာလည်း သိသိသာသာ ပြောင်းလဲတိုးတက်လာမှာပဲ" ဟု ပြောရာ ကျွန်တော်က ဘယ်လိုတိုးတက် ပြောင်းလဲလာမှာလဲဟု မေးခွန်းထုတ်တော့ ၎င်းက "ကျွန်တော်တို့နိုင်ငံဟာ ခုထက်ထိ တောတောင်သဘာဝအလှတွေ မပျက်မစီးဘဲရှိနေတဲ့ ရှားရှားပါးပါး နိုင်ငံတွေထဲမှာပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေကလည်း အဲဒီလို အလှအပတွေ ကြည့်ချင်၊ ခံစားချင်ကြတယ်။ အဲဒီလိုဒေသတွေမှာ ဆိုလာစွမ်းအင်သုံးတဲ့ နားနေစခန်းတွေ၊ ဟိုတယ်၊ မိုတယ်တွေ၊ အပန်းဖြေစခန်းတွေ တိုးချဲ့နိုင်တာပေါ့။ ပြီးတော့ ကျေးလက်တွေမှာလည်း လျှပ်စစ်ဓာတ်အားအသုံးပြုပြီး ထုတ်လုပ်ရတဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေ ထူထောင်လာနိုင်မှာဖြစ်တယ်" လို့ ရှင်းလင်းပြသသည်။ ကျွန်တော်က စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဘယ်လိုသုံးမှာလဲ၊ ဘယ်လိုအကျိုးရှိမှာလဲဟု စူးစမ်းကြည့်ရာ ၎င်းက "ဆိုလာစွမ်းအင်ကို သုံးတဲ့နေရာမှာ ရေတင်တာတို့၊ ရေစုပ်တာတို့စတဲ့ ရေရရှိတဲ့လုပ်ငန်းတွေမှာ သုံးရင် အတန်ဆုံးပဲလို့ ကျွန်တော်ထင်တယ်။ ခင်ဗျားသိတဲ့အတိုင်းပဲ ဆိုလာစွမ်းအင်ဆိုတာ နေ့ဘက် နေရောင်ရှိတဲ့ အချိန်မှာရတာ။ ရေတင်တာ ရေစုပ်တာကလည်း နေ့ဘက်မှာလုပ်လို့ရတယ်။ ခုဆိုရင် DC ရော AC ရော နှစ်မျိုးလုံး သုံးနိုင်တဲ့ Pump တွေရှိနေပြီ။ ဒါကြောင့် အဲဒီ Pump တွေနဲ့ ဆိုလာတွဲပြီးသုံးရင် ဘက်ထရီတို့၊ အင်ဗာတာတို့မလိုတော့ဘူး။ အဲဒီလိုသုံးနိုင်တဲ့အတွက် ရေရှည်အသုံးခံတဲ့အပြင် ကုန်ကျစရိတ်လည်း တော်တော်သက်သာသွားတယ်" ဟု ရှင်းပြသည်။

ဦးဇော်ဝိတ်၏ အသေးစိတ် ထပ်မံရှင်းလင်းချက်အရ SANYO Solar ပြားများနှင့် ဒိန်းမတ်နိုင်ငံလုပ် Grund Ford Pump များတွဲပြီး ရေစုပ်တင်သည့် လုပ်ငန်းကို စမ်းသပ်ခဲ့ရာ အနက် မီတာ ၄၀ (ပေ ၁၃၀၊ လေးလက်မ) အဝီစိတွင်းမှ နေ့စဉ်တစ်နေ့လျှင် ၁၀ နာရီကျော်ခန့် မရပ်မနားဘဲ ရေတင်နိုင်ကြောင်း၊ အဝီစိရေထွက်ကောင်းလျှင် တစ်နာရီ ရေဂါလန် ၁၀၀၀ ခန့်တင်နိုင်၍ တစ်နေ့ရေဂါလန် တစ်သောင်းကျော်ရမည်ဖြစ်ကြောင်း၊ အဝီစိတွင်းမဟုတ်ဘဲ မြစ်၊ ချောင်း၊ ဆည်မြောင်း၊ ရေကန်များမှ စုပ်တင်လျှင် တစ်နာရီ ဂါလန် ၄၀၀၀ ခန့် တင်နိုင်ကြောင်း၊ ဘက်ထရီ၊ အင်ဗာတာများ သုံးရန်မလိုဘဲ ဆိုလာပြားရယ်၊ Grund Ford AC/DC Subsible Pump ရယ်၊ Pump နှင့်တွဲဖက်အသုံးပြုမည့် Charge Controller ရယ် သုံးမျိုးသာပါကြောင်း သိရှိရသည်။



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သကံငူကျေးရွာရှိ မူလတန်းကျောင်းတွင် SANYO Solar တပ်ဆင်ထားပုံ။

ကုန်ကျစရိတ်နှင့်သုံးရတာ တွက်ခြေကိုက်တယ်ဆိုတာ ရှင်းပြပါဦးဟုပြောရာ ၎င်းက "ကုန်ကျစရိတ်က ကျပ်သိန်း ၁၂၀ လောက်ရှိမယ်။ SANYO Solar က အာမခံနှစ် ၂၀ ပေးထားတယ်။ Grund Ford Pump နဲ့ Controller က ငါးနှစ်အာမခံပေးထားတယ်။ အဲဒီလောက် ရေပမာဏရဖို့ ရေစုပ်စက်နဲ့တင်ရင် ဒီဇယ်ဆီ လေးဂါလန်၊ ငါးဂါလန်လောက်ကုန်မယ်။ ဆီဖိုးနဲ့ပဲတွက်ဦး နှစ်နှစ်ခွဲလောက်ဆို အရင်းကျေသွားပြီ။ ဒါက စက်သုံးဆီ ကုန်ကျစရိတ်တစ်ခုတည်းကိုသာ နှိုင်းယှဉ်ပြတာ။ ဆိုလာရဲ့ အားသာချက်တွေကအများကြီးပါပဲ။ တစ်ခါရင်းနှီးထားရုံနဲ့ နောက်ပိုင်းမှာ ကုန်ကျစရိတ်မရှိဘဲနဲ့ သုံးနိုင်မှာဖြစ်တယ်" လို့ အသေးစိတ်ရှင်းပြသည်။

ကုန်ကျစရိတ်က ကျပ်သိန်း ၁၂၀ လောက်ဆိုတော့ လယ်သမားတွေ၊ ခြံသမားတွေက သုံးနိုင်ကြပါ့မလားဟု မေးရာ ၎င်းက "မှန်ပါတယ်။ ကုန်ကျစရိတ်က တစ်ဦးချင်း၊ တစ်ယောက်ချင်း သုံးဖို့တော့ခက်မယ်။ ဒါပေမယ့် လယ်သမားချင်း စုပေါင်းသုံးတာတို့၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက မတည်ရင်းနှီးပြီး ရေပေးဝေရေး လုပ်ငန်းအနေနဲ့ လုပ်ကိုင်တာတို့၊ ပြည်တွင်းပြည်ပ NGO တွေကလှူဒါန်းတာတို့ လုပ်ပေးရင်ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့လို ကုမ္ပဏီတွေကလည်း သုံးစွဲသူတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင်၊ သုံးနိုင်အောင် အရစ်ကျငွေပေးချေတဲ့ စနစ်နဲ့ ရောင်းပေးတာမျိုးလည်းလုပ်နိုင်ပါတယ်။ အဲဒီလို လုပ်ပေးဖို့လည်း ကျွန်တော်တို့ ကုမ္ပဏီလည်း စဉ်းစားနေပါတယ်" ဟု ရှင်းပြသည်။

ကျွန်တော်တို့နှင့်အတူ ရှိဖို့လိုသည်

ဆိုလာစွမ်းအင်သည် မဝေးတော့သည့် အနာဂတ်ကာလတွင် ကျွန်တော်တို့အားလုံး အဓိကထားသုံးရမည့် စွမ်းအင်ဖြစ်လာမည်မှာ သေချာပါသည်။ အနာဂတ်ကို မျှော်တွေး၍ အတော်ဝေးသည်ဟု တွေးလျှင်လည်း ရပါသည်။ သို့သော်လည်း ပစ္စုပ္ပန်ကာလ၌ပင် ဆိုလာကိုသုံးစွဲသင့်သည်။ ဆိုလာသည် ရေရှည်တွင် ကုန်ကျစရိတ် သိသိသာသာ သက်သာမည်။ နေရာအနှံ့ အကန့်အသတ်မရှိ သုံးနိုင်သည်။ စိုက်ပျိုးရေးအတွက် ရေသည်အဓိကကျသည်။ ဆိုလာစနစ်သုံးလျှင် ကုန်ကျစရိတ်နည်းနည်းဖြင့် နေရာဒေသ တော်တော်များများ ရေရရှိနိုင်သည်။ ဤသို့ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးချဲ့လာကြပေမည်။ ရေမရလို့ ရေရဖို့ စရိတ်စကများလို့ မစိုက်နိုင်၊ မတိုးချဲ့နိုင်တာတွေ နည်းသွားမည်။ ရေရှည်အတွက် ဆိုလာကိုသုံးဖို့ စဉ်းစားသင့်သည်။ ယနေ့ ကျွန်တော်တို့သုံးခြင်းသည် နောင်လာမည့် ကျွန်တော်တို့ မျိုးဆက်သစ်တွေအတွက် အမွေဖြစ်သည်။ ဒါ့အပြင် ကျန်းမာရေး ယိုယွင်းလာသည့် ကျွန်တော်တို့ချစ်သော ကမ္ဘာကြီးအတွက်လည်း အားဆေးသဖွယ်ဖြစ်သည်။ လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့အတွက် ဖြစ်သည်။ ပြီးတော့ နောင်လာမည့် ကျွန်တော်တို့မျိုးဆက်သစ်တွေနှင့် ကျွန်တော်တို့ချစ်သော ကမ္ဘာကြီးအတွက် ဆိုလာသည် ကျွန်တော်တို့နှင့်အတူ ရှိနေဖို့ လိုအပ်ပါသည်။ ။

ပစ္စုပ္ပန်ကာလ၌ပင် ဆိုလာကို သုံးစွဲသင့်သည်။ ဆိုလာသည် ရေရှည်တွင် ကုန်ကျစရိတ် သိသိသာသာ သက်သာမည်။ နေရာအနှံ့ အကန့်အသတ်မရှိ သုံးနိုင်သည်။ စိုက်ပျိုးရေးအတွက် ရေသည်အဓိက ကျသည်။ ဆိုလာစနစ်သုံးလျှင် ကုန်ကျစရိတ်နည်းနည်းဖြင့် နေရာဒေသ တော်တော်များများ ရေရရှိနိုင်သည်။

❍ ကျောဖုံးမှ

အဆိုပါ ငှက်ဖျားကပ်ပါးပိုးအမျိုးအစားသည် အာဖရိကတိုက်၌ တွေ့ရလေ့ရှိသည့် ကပ်ပါးပိုးဖြစ်သည်။

Plasmodium falciparum ကပ်ပါးပိုးကို အခြားသော ပရိုင်းမိတ်သတ္တဝါများထက် အာဖရိကလူဝံများ၌ အဓိက တွေ့ရသည်ဆို၏။

ငှက်ဖျားရောဂါသည် ကမ္ဘာ့လူသားများကို ခြိမ်းခြောက်နေသည့် ရောဂါတစ်မျိုးဖြစ်သည်။ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ငှက်ဖျားရောဂါကြောင့် လူပေါင်း ၁ ဒမသ ၅ သန်းအထိ သေဆုံးရသည်။ လူပေါင်းသန်း ၅၀၀ ခန့်မှာ ငှက်ဖျားရောဂါကို ခံစားရလေ့ရှိသည်။

ယခု လေ့လာတွေ့ရှိချက်သည် အနာဂတ်ကာလတွင် ငှက်ဖျားရောဂါ ကာကွယ်ဆေးကို တီထွင်ထုတ်လုပ်လာနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းစာက ရေးသားသည်။

အင်တာနက်။

မောင်တောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဇော်ပတက်ကျေးရွာ၌ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ငါး၊ ပုစွန်ကုန်စည်ဒိုင် ချိန်တွယ်ရေးစခန်း အမှတ်(၃) အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မြင်းလွတ်ကျေးရွာ၌ နယ်မြေခံဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းနောက် ကျေးရွာချင်းဆက်လမ်းပိုင်း အခြေအနေများ၊ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ငါး၊ ပုစွန်များ မွေးမြူထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ပြီး အလယ်သံကျော် အပန်းဖြေကမ်းခြေစခန်းကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် အလယ်သံကျော်တိုက်နယ်ဆေးရုံ၌ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် မောင်တော-အင်ူမော်လမ်းပိုင်း အခြေအနေများနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု၊ မောင်တော - ဘူးသီးတောင်လမ်းပိုင်းအခြေအနေ၊ မောင်တော-ကျီးကန်းပြင်လမ်းပိုင်း အခြေအနေနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘူးသီးတောင်တပ်နယ်ခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု

ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက်တွင် မောင်တောမြို့နယ် အောင်သပြေကျေးရွာသို့ သွားရောက်ပြီး ကျေးရွာနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချီးမြှင့်ငွေပေးအပ်

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် နယ်မြေခံဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မောင်တော-အင်ူမော်လမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လှမင်းသည် မြောက်ဦးမြို့နှင့် အမ်းမြို့နယ်တို့၏ မြို့တွင်းလမ်းများကောင်းမွန်မှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းတပ်နယ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်မှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားအဖွဲ့များ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Royal Selangor Golf Club ၌ ကျင်းပမည့် 50th South East Asia Amateur Golf Team Championship (Putra Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ၊ 4th Lion City Cup အသက်(၁၈)နှစ်အောက် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် 2nd Santi Cup အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားအဖွဲ့ သုံးဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။**(ယာပုံ)**

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားအဖွဲ့ သုံးဖွဲ့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားအဖွဲ့၏ အတွင်းရေးမှူးအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်၊ မန်နေဂျာအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းတို့ ဖြစ်ကြသည်။

ပါဝင်သူများ

50th South East Asia Amateur Golf Team Championship (Putra Cup) ပြိုင်ပွဲတွင် ပါဝင်မည့် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အသင်း၌ နည်းပြဆရာအဖြစ် ဦးချမ်းဟန်၊ အားကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ မျိုးဝင်းအောင်၊ စိုးမိုးဝင်းနှင့် မောင်မောင်ဦးတို့ ဖြစ်ကြပြီး 4th Lion City Cup အသက် (၁၈)နှစ်အောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လူငယ်လက်ရွေးစင်များအဖြစ် ရဲထက်အောင်၊ စွမ်းသီဟအောင်၊ စည်သူရဲရင့်နှင့် ဝေယံလင်းတို့ဖြစ်ကြသည်။

2nd Santi Cup အမျိုးသမီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းတွင် နည်းပြဆရာအဖြစ် ဦးကိုကိုလေး၊ အားကစားသမားများအဖြစ် ယဉ်မေမျိုး၊ ခင်သူသူနှင့် မေဦးခိုင်တို့ဖြစ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန် တိမွေးကုတက္ကသိုလ် (၁၉၇၂-၁၉၇၈ ဘွဲ့ရ) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

အင်းစိန် တိမွေးကုတက္ကသိုလ်တွင် ၁၉၇၂ ခုနှစ်တွင် စတင်တက်ရောက်ပညာသင်ကြားခဲ့ကြပြီး ၁၉၇၈ ခုနှစ်တွင် B.V.S ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၈ ရက် ညနေတွင် လည်းကောင်း၊ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် M3 Food Centre ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ စိန်မြင့် ဖုန်း-၆၄၂၇၄၅၊ စက်ဗိုလ် ဖုန်း-၆၆၀၂၃၉၊ တင့်ဆွေ ဖုန်း-၀၉-၅၀၂၁၂၃၉၊ စိုးသန်း ဖုန်း-၀၉-၅၁၇၅၇၉၂၊ လှအောင် ဖုန်း-၅၃၉၅၄၅၊ ခင်လင်းသူ ဖုန်း-၇၃၀၀၀၉၂၇၊ ချိုချိုအေး ဖုန်း-၅၄၁၁၅၂၊ စန်းစန်းမြင့် ဖုန်း-၀၉-၅၂၉၄၄၄၄၊ ခင်မာလာစိုး ဖုန်း-၂၄၂၄၉၈၊ ခင်ဇော် ဖုန်း-၀၂-၂၂၁၉၀၊ ဝင်းမြင့် ဖုန်း-၀၇၁-၂၂၈၅၅ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မုတ်သုံလေ ဆက်လက်အားနည်းနေ

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင် ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သား ဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ရေဆင်း)တွင် သုည ဒသမ ၅၉ လက်မ၊ မိုးကုတ်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ မိုးညှင်းမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ပူတာအိုမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၂၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားနည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Fuji Xerox Color Printer စက်များအား Electronic & Yangon International Trade Exhibition ၂၀၁၀ ဝင်ရောက်ပြသ

နေပြည်တော် စက်တင်ဘာ ၂၆

Concordia Int'L Co., Ltd. မှ Fuji Xerox Color Printer စက်များကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ကျင်းပလျက်ရှိသည့် Electronic & Yangon International Trade Exhibition 2010 ပြပွဲတွင် ခင်းကျင်းပြသရောင်းချနေသည်။

အဆိုပါပြပွဲတွင် Fuji Xerox မှ ထုတ်လုပ်သော A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူအမည်း၊ မိတ္တူကူးစက်များ၊ 3 in 1, 4 in 1 မိတ္တူကူးစက်များ၊ A4,A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ Projector များ၊ Electronic Copy Board များအား ရောင်းချပေးနေသည်။

Concordia Int'L Co., Ltd. မှ အထူးအစီအစဉ်ဖြင့် ပြပွဲကာလအတွင်း ရုံးလုပ်ငန်းငယ်များ တစ်ကိုယ်ရေအသုံးပြုချင်သူများအတွက် A4 Size အဖြူအမည်း၊ မိတ္တူကူးစက်ကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေသည့်အပြင် လက်ရှိ Fuji Xerox Color Laser model 525A Printer အသုံးပြုနေသော Customer များအတွက် ကျေးဇူးတုံ့ပြန်သောအနေဖြင့် 525 A မင်တစ်စုံ ဝယ်ယူသူတိုင်းအား ၃၀ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေသည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Concordia Int'l Co.,Ltd. ရန်ကုန်-သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉၅၀၆၂၆၀၁၊ ၀၉၈၀၃၁၃၇၃၊ Fax-(၉၅၁) ၅၄၄၁၉၉ မန္တလေး အမှတ် (၅) မြေညီထပ်၊ SY အဆောက်အအုံ လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ် ဖုန်း-၀၉ ၅၀၆ ၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ ၀၂-၉၆၃၀၃၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉ ၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ "မနိုင်သောအရှုံး"
- ၈:၃၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ တေးဂီတအစီအစဉ်
- ၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၈။ "ပြည်သူ့အတွက် ၂၄နာရီ" (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-အောင်ထွန်းထွန်းလွင်)
- ၅:၃၅ ၉။ မြန်မာ့တေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . . ကိုယ့်ချစ်သူ" (အပိုင်း-၂၀)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၂၉)**
- ၁၉။ သုခုမရင်ပြင်
- ၂၀။ အစီအစဉ်ပြီး၏။

အဆင့်မြင့်နည်းပညာရှင်များ မွေးထုတ်ပေးမည့် နည်းပညာတက္ကသိုလ် (ရတနာပုံ

ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲ သစ်ဆန်းလျက်ရှိသည်။ ထိုသို့ တိုးတက်ပြောင်းလဲသစ်ဆန်းနေသည်နှင့်အမျှ ယနေ့ခေတ် လူမှုအဖွဲ့အစည်းသည်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူနေရသော Life Long Learning Society အဖြစ် အမှန်ပင် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ အချိန်နှင့်အမျှ တိုးတက်နေသော နည်းပညာအသစ်အသစ်များကို မျက်ခြည်မပြတ်စေရေးအတွက် မွေးဖွားသည်မှစ၍ သေဆုံးချိန်တိုင် လေ့လာသင်ယူမှုနှင့်ကင်းကွာ၍ မရနိုင်ဘဲ လူတိုင်းအစဉ်အမြဲ လေ့လာသင်ယူနေကြရသည်ကို တွေ့နိုင်သည်။

ယနေ့ခေတ်ကို IT (Information Technology) ခေတ်ဟုလည်း ဆိုကြသည်။ IT နည်းပညာကြောင့် ယနေ့ကမ္ဘာကြီးသည် ကမ္ဘာ့ရွာ (Global Village)ဖြစ်လာခဲ့ရသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောထားအယူအဆများလည်း ပြောင်းလဲလာခဲ့ရသည်။ ယခင်က လုပ်အားကိုအခြေပြုသည့် Labour Intensive Industry ဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့ကြသော်လည်း ယနေ့ခေတ်အခါတွင်မူ ဘယ်လောက်သုံးသုံး ဘယ်သောအခါမှ ကုန်ခန်းသွားခြင်း မရှိနိုင်သည့် အရင်းအမြစ်ဖြစ်သော IT နည်းပညာကို အခြေပြု၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြံဆောင်လာကြသည်။ ထို့ကြောင့်လည်း IT နည်းပညာကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံသစ်များ အများအပြား ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ကျွန်တော်တို့နှင့် အနီးဆုံးနိုင်ငံများကို ကြည့်လျှင်ပင် ဥပမာ အိန္ဒိယ၊ စင်ကာပူတို့ကို အထင်အရှားတွေ့နိုင်သည်။ IT Out-Sourcings များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို သူတို့ဖန်တီးရယူနိုင်ခဲ့ကြသည်မှာ အားကျဖွယ်ကောင်းသလို အတုယူဖွယ်လည်း ကောင်းလှသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း မဝေးတော့သော အနာဂတ်၌ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍမှ ရရှိလာသည့် ခနအင်အားကို အသုံးပြု၍ တန်းဝင်သည့် စက်မှုနိုင်ငံအဖြစ် ထူထောင်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်တွင် တန်းဝင်စက်မှုနိုင်ငံတစ်နိုင်ငံ၏ အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက်တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာကောင်းများကို ပိုင်ဆိုင်နေပြီဖြစ်ရာ နောင်အနာဂတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ စက်မှုနိုင်ငံတော်အဖြစ်သို့ မလွဲမသွေ ရောက်ရှိရမည်သာဖြစ်သည်။

ထို့ပြင် နိုင်ငံ့စီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် သာမန်စက်မှုကုန်ထုတ်လုပ်မှုအဆင့်မှသည် IT နည်းပညာအခြေခံ ကုန်ထုတ်လုပ်မှုအဆင့်သို့ တိုးတက်ပြောင်းလဲနိုင်ရန်လည်း နိုင်ငံတော်အပိုင်းက အဘက်ဘက်မှ ပျိုးထောင် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို စနစ်တကျ စီမံချမှတ်ဆောင်ရွက်ပြီး အားပေးမြှင့်တင်ရင်း တန်းဝင် စက်မှုနှင့်နည်းပညာများ ပိုင်ဆိုင်နိုင်အောင် ရည်မှန်းကြိုးစားလျက်ရှိသည်။ ထိုရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း တွေ့ရှိနိုင်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေး၌ လွန်စွာအရေးပါသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် အညီ နိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များကို အာဆီယံထိပ်တန်း နည်းပညာတက္ကသိုလ်များအဆင့်သို့ အချိန်တိုအတွင်းရောက်ရှိစေရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုထိုသော ရည်မှန်းချက်များနှင့်အညီ ယခုအခါ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာများကို ကျွမ်းကျင်တတ်မြောက်သည့် အင်ဂျင်နီယာကောင်းများ မွေးထုတ်ပေးနိုင်ရန်နှင့် အဆင့်မြင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ကို ယခုလာမည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)သည် နိုင်ငံတကာတက္ကသိုလ်အသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားသင်ကြားပေးလျက်ရှိသည့် ခေတ်မီအဆင့်မြင့် ICT နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ တိကျ စက်ပစ္စည်း ထုတ်လုပ်ရေးပညာရပ်များနှင့် အဆင့်မြင့်ဒြပ်ပစ္စည်း ထုတ်လုပ်ရေးပညာရပ်များကို သုတေသနအခြေခံပြီး လေ့ကျင့်သင်ကြားပေးသွားမည့် သုတေသနအခြေပြု တက္ကသိုလ်တစ်ခုအဖြစ် တစ်မူထူးခြားစွာ ပေါ်ထွက်လာမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော အဆင့်မြင့် IT ပညာရှင်များ၊ ဆက်သွယ်ရေးနှင့် ခေတ်မီစက်ကိရိယာ ထိန်းချုပ် အီလက်ထရွန်နစ်ပညာရှင်များ၊ အဆင့်မြင့်စက်ပစ္စည်းထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ ပညာရှင်များ၊ နာနိုနည်းပညာသုံး အဆင့်မြင့်ဒြပ်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် အရည်အသွေးမြှင့်တင်ရေးနည်းပညာရှင်များ စတင်မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သည်။ ထိုသို့ မွေးထုတ်ပေးနိုင်ရန်အတွက် (၁) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာမဟာဌာန (Faculty of Information and Communication Technology)၊ (၂) တိကျစက်ပစ္စည်းထုတ်လုပ်ရေး အင်ဂျင်နီယာမဟာဌာန (Faculty of Precision Engineering)၊ (၃) အီလက်ထရွန်နစ် အင်ဂျင်နီယာမဟာဌာန (Faculty of Electronic Engineering)နှင့် (၄) အဆင့်မြင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာန (Faculty of Advanced Materials Engineering) ဟူသော အင်ဂျင်နီယာမဟာဌာနကြီးလေးခု ဖွဲ့စည်းထားရှိပြီး အဆိုပါဌာနကြီး လေးခုအောက်တွင် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် သုတေသနဌာန ၁၅ ခုကိုပါ ဖွဲ့စည်းထားရှိမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာနယ်ပယ်၌ နိုင်ငံတကာတက္ကသိုလ်
နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) ထပ်တို
နည်းပညာဝန်ကြီးဌာနလက်အောက်၌ အစိုးရနည်းပ
ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၂ ကျောင်း၊
လေးကျောင်း၊ နည်းပညာတက္ကသိုလ် ၃၁ ကျောင်း၊ ကွန်
နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသ
တက္ကသိုလ်/ကောလိပ်/သိပ္ပံ/ကျောင်း စုစုပေါင်း
တော့မည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာမဟာဌာန

၎င်းနည်းပညာမဟာဌာနတွင် (၁) သတင်းအချက်အလက်နှင့်နည်းပညာဌာန (Department of Information Technology)၊(၂) ဆက်သွယ်ရေးနည်းပညာဌာန (Department of Communication Technology)၊ (၃) တွက်ချက်ရေးနည်းပညာဌာန (Department of Computing Technology) နှင့် (၄) စက်နည်းပညာဌာန (Department of Hardware Technology) ဟူ၍ ဌာနလေးခု ခွဲခြားဖွဲ့စည်းပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်း အမျိုးအစားနှစ်မျိုး ဖွင့်လှစ်သွားမည်ဖြစ်ပြီး B.E(Information Science) နှင့် B.E(Computer Engineering) ဘွဲ့များ အပ်နှင်းပေးသွားမည် ဖြစ်သည်။

အဆိုပါ နည်းပညာမဟာဌာန၌ တက်ရောက်သင်ကြားခြင်းဖြင့် Embedded System များအတွက် Software ရေးသားနိုင်ခြင်း၊ သီးခြား System Computing များနှင့် ဆက်စပ်ပစ္စည်းများကို Design ပြုလုပ်နိုင်ခြင်း စသည့် IT နည်းပညာရပ်များကို အမှန် တကယ်ကျွမ်းကျင်တတ်မြောက်နိုင်မည်ဖြစ်သည့် အပြင် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ထားခြင်းကြောင့် နိုင်ငံတကာအသိအမှတ်ပြု Joint Certificate များကိုလည်း တစ်ပါတည်း ရရှိသွားမည်ဖြစ်သည်။

တိကျစက်ပစ္စည်းထုတ်လုပ်ရေး အင်ဂျင်နီယာမဟာဌာန

၎င်းနည်းပညာမဟာဌာနတွင် (၁) စက်ခုတ်စားမှုနည်းပညာဌာန (Department of Machining Technology)၊ (၂) ထုတ်လုပ်မှုဆိုင်ရာသွန်းပုံစံနည်းပညာဌာန (Department of Mould and Die Technology)၊ (၃) တိုင်းတာခြင်းနှင့် အရည်အသွေးစစ်ဆေးရေး

ဆိုင်ရာ အင်ဂျင်နီ
Quality Contro
ဌာန(Departme
ဌာနလေးခု ခွဲခြား

အဆိုပါ နည်း
အခြေခံစက်ခုတ်
ထိန်းချုပ်မှုစနစ်သ

အသုံးပြု၍ အရ
ထိန်းချုပ်မောင်းနှ
ခြင်း စသည့် အ
တတ်မြောက်နိုင်မ

အီလက်ထရွန်နစ်

၎င်းနည်းပည
အင်ဂျင်နီယာဌာန
ing)၊ (၂) ဝိုင်ယာ
(Department o
(၃) အီလက်ထ
(Department o
(၄) အီလက်ထရွ
ment of Electr
ခွဲခြား ဖွဲ့စည်းပြီး

အဆိုပါ နည်
IC များ၊ Circui
နောက်ဆုံးပေါ် W
အတွက် သုတေ
အသုံးချမှုနှင့် လက်
ကွန်ပျူတာနည်း
စက်ကြီးများကို
နိုင်ခြင်း စသည့်
အမှန်တကယ် ကျ

ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း မဝေးတော့သော အနာဂတ်၌ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍမှ ရရှိလာသည့် ခနအင်အားကို အသုံးပြု၍ တန်းဝင်သည့်စက်မှုနိုင်ငံအဖြစ် ထူထောင်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိ။ ယခုအချိန်တွင် တန်းဝင်စက်မှုနိုင်ငံ တစ်နိုင်ငံ၏ အစခရီးကို စတင်လျှောက်လှမ်းနိုင်ခဲ့ပြီး ဆက်လက် တိုးတက်ဖွံ့ဖြိုးလာမည့် အလားအလာကောင်းများကို ပိုင်ဆိုင်နေပြီဖြစ်ရာ နောင်အနာဂတ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ စက်မှုနိုင်ငံတော်အဖြစ်သို့ မလွဲမသွေ ရောက်ရှိရမည်သာဖြစ်။

...ိုလ် (ရတနာပုံဆိုင်ဘာစီးတီး)

...ည်း ထုတ်လုပ်ခြင်းနှင့်
...တင်မွေးထုတ်ပေးနိုင်
...အတွက် (၁) သတင်း
...မဟာဌာန (Faculty
...hnology)၊ (၂) တိကျ
...ဌာန (Faculty of
...ရွှန်နစ် အင်ဂျင်နီယာ
...ering)နှင့် (၄) အဆင့်
...ulty of Advanced
...င်နီယာမဟာဌာနကြီး
... လေးခုအောက်တွင်
...် ဆောင်ရွက်နိုင်မည့်
...်ဖြစ်သည်။

ကျော်ရဲမင်း

ဆိုင်ရာ အင်ဂျင်နီယာဌာန (Department of Measuring and Quality Control) နှင့် (၄) လျှပ်စစ်-စက်မှုပေါင်းစပ်မှုနည်းပညာဌာန(Department of Electro-mechanical Integration)ဟူ၍ ဌာနလေးခု ခွဲခြားဖွဲ့စည်းပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ နည်းပညာမဟာဌာန၌ တက်ရောက်သင်ကြားခြင်းဖြင့် အခြေခံစက်ခုတ်စားခြင်းမှ ကွန်ပျူတာအသုံးပြု စက်ခုတ်စားခြင်း၊ ထိန်းချုပ်မှုစနစ်သုံး ပုံသွန်းလောင်းခြင်း၊ အဆင့်မြင့်စက်ကိရိယာများ အသုံးပြု၍ အရည်အသွေးစစ်ဆေးခြင်းနှင့် တိုင်းတာခြင်း၊ လျှပ်စစ်ထိန်းချုပ်မောင်းနှင်မှု နည်းပညာသုံး စက်ပစ္စည်းများ ကိုင်တွယ်ထိန်းချုပ်ခြင်း စသည့် အတတ်ပညာများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်နိုင်မည်ဖြစ်သည်။

...ယ်၌ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့်
...ပုံဆိုင်ဘာစီးတီး) ထပ်တိုးလာတော့မည်ဖြစ်ရာ သိပ္ပံနှင့်
...အောက်၌ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၆
...်မှုသိပ္ပံ ၁၂ ကျောင်း၊ အစိုးရနည်းပညာကောလိပ်
...က္ကသိုလ် ၃၁ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ ကျောင်း
...းနှင့် အာကာသပညာတက္ကသိုလ် တစ်ကျောင်း အပါအဝင်
...ပ္ပံ/ကျောင်း စုစုပေါင်း ၁၀၉ ကျောင်းအထိ ရှိလာ

...ည်းပညာမဟာဌာန

...င်းအချက်အလက်နှင့်
...rmation Technol-
...partment of Com-
...က်ရေးနည်းပညာဌာန
...nology) နှင့် (၄)
...ardware Technol-
...ကြားပို့ချပေးသွားမည်
...င့်လှစ်သွားမည်ဖြစ်ပြီး
...(Computer Engi-
...သည်။
...က်သင်ကြားခြင်းဖြင့်
...are ရေးသားနိုင်ခြင်း၊
...ဆက်စပ်ပစ္စည်းများကို
...်များကို အမှန် တကယ်
...အပြင် နိုင်ငံတကာ
...တကာအသိအမှတ်ပြု
...ရရှိသွားမည်ဖြစ်သည်။

...မဟာဌာန

...်စားမှုနည်းပညာဌာန
...gy)၊ (၂) ထုတ်လုပ်မှု
... of Mould and Die
...ည်အသွေးစစ်ဆေးရေး

အီလက်ထရွန်နစ် အင်ဂျင်နီယာမဟာဌာန

၎င်းနည်းပညာမဟာဌာနတွင် (၁) မိုက်ခရိုအီလက်ထရွန်နစ်အင်ဂျင်နီယာဌာန(Department of Micro-electronic Engineering)၊ (၂) ဝိုင်ယာလက်နှင့် မိုဘိုင်းဆက်သွယ်ရေးအင်ဂျင်နီယာဌာန (Department of Wireless and Mobile Communication)၊ (၃) အီလက်ထရွန်နစ်ပစ္စည်းများနှင့် အသုံးချ အင်ဂျင်နီယာဌာန (Department of Electronic Devices and Application) နှင့် (၄) အီလက်ထရွန်နစ်ထိန်းချုပ်မှုစနစ်အင်ဂျင်နီယာဌာန (Department of Electronic Control Engineering) ဟူ၍ ဌာနလေးခု ခွဲခြား ဖွဲ့စည်းပြီး သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

အဆိုပါ နည်းပညာမဟာဌာန၌ တက်ရောက်သင်ကြားခြင်းဖြင့် IC များ၊ Circuit များကို ကိုယ်တိုင်ကိုယ်ကျ Design ပြုလုပ်ခြင်း၊ နောက်ဆုံးပေါ် Wireless နှင့် Mobile ဆက်သွယ်မှုနည်းပညာရပ်များအတွက် သုတေသန ပြုလုပ်ခြင်း၊ အခြေခံ Electronic ပစ္စည်းများ အသုံးချမှုနှင့် လက်တွေ့တီထွင်သုတေသနပြုလုပ်ခြင်း၊ CNC စက်နှင့် ကွန်ပျူတာနည်းပညာဖြင့် ထိန်းချုပ်မောင်းနှင်သော အဆင့်မြင့်စက်ကြီးများကို ခေတ်မီ Software များဖြင့် ထိန်းချုပ် မောင်းနှင်နိုင်ခြင်း စသည့် အီလက်ထရွန်နစ်အင်ဂျင်နီယာအတတ်ပညာများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ထားခြင်းကြောင့် နိုင်ငံတကာအသိအမှတ်ပြု Joint Certificate များကိုလည်း တစ်ပါတည်း ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားရလောက်သည့်၊ အားကိုးလောက်သည့် အနေအထားကို ပိုင်ဆိုင်နေပြီဖြစ်ရာ နောင်အနာဂတ်တွင် တန်းဝင်သည့် စက်မှုနှင့် နည်းပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်။

ယနေ့ IT ခေတ်ကြီးထဲတွင် လူဖြစ်လာကြပြီး Life Long Learning ဖြစ်စဉ်နှင့်အတူ အနာဂတ်ခရီးဆက်ကြရမည့် ယနေ့ လူငယ်များအတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အားကိုးအားထားပြုနိုင်သည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)အသစ် ဖွင့်လှစ်နိုင်ခြင်းသည် အထူးတလည်ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုကြရမည့် မင်္ဂလာသတင်းပင်ဖြစ်။

အဆင့်မြင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာမဟာဌာန

၎င်းနည်းပညာမဟာဌာနတွင် (၁)နာနိုနည်းပညာဌာန (Department of Nano Technology)၊ (၂) အဆင့်မြင့်ဒြပ်သတ္တု အရည်သွေးမြှင့်တင်ရေး နည်းပညာဌာန (Department of Special Material Processing) နှင့် (၃) အဆင့်မြင့်ဒြပ်ပစ္စည်းထုတ်လုပ်ရေး နည်းပညာဌာန (Department of Advanced Material Production) ဟူ၍ ဌာနသုံးခု ခွဲခြားဖွဲ့စည်းပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါနည်းပညာမဟာဌာန၌ တက်ရောက်သင်ကြားခြင်းဖြင့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်မည့် အီလက်ထရွန်နစ်ဒြပ်ပစ္စည်းနှင့် သတ္တုစပ်များကို Nano နည်းပညာရပ်ကဲ့သို့သော ထိရောက်တိကျသည့် ဒြပ်သတ္တုပစ္စည်းထုတ်လုပ်ခြင်း နည်းပညာများဖြင့် ထုတ်လုပ်စမ်းသပ်နိုင်မည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ နာနိုအခြေပြု သုတေသနလုပ်ငန်းများ၊ အရည်အသွေးမြင့်သတ္တုများ ထုတ်လုပ်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်နိုင်မည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၌ ဖွဲ့စည်းထားသည့် နည်းပညာမဟာဌာနကြီး လေးခုနှင့် လက်အောက်ရှိ သုတေသနဌာန ၁၅ခုတို့သည် အနာဂတ်၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နည်းပညာရပ်များကို မခြွင်းမချန် ကုံလုံတတ်ပွန်စေရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းပြင်ဆင်ထားကြောင်း သုံးသပ်တွေ့ရှိနိုင်သည်။ ပညာရှာမည့် လူငယ်မောင်မယ်များဘက်က အစွမ်းကုန်ကြိုးစားမှတ်သား သင်ယူလေ့လာမည်ဆိုပါက နည်းပညာနယ်ပယ်၌ နိုင်ငံတကာအဆင့်ထိ တက်လှမ်းနိုင်မည်မှာ အသေအချာပင် ဖြစ်သည်။

အဆိုပါ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)သို့ ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသား ကျောင်းသားလူငယ်များ စတင်တက်ရောက်ခွင့် ရရှိကြမည်ဖြစ်သည်။ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အရည်အချင်း ပြည့်မီအောင်မြင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းကာလ ငါးနှစ်ဖြစ်ပြီး (၁) B.E (Information Science)၊(၂)B.E(Computer Engineering)၊ (၃)B.E(Electronic Engineering)၊ (၄) B.E(Precision Engineering)နှင့်(၅)B.E(Advanced Materials Engineering) ဟူ၍ ဘွဲ့သင်တန်းငါးမျိုး ဖွင့်လှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပထမနှစ်မှစတင်၍ အင်္ဂလိပ်စာအား နိုင်ငံတကာ တက္ကသိုလ်များတွင် သင်ကြားသော သင်ရိုးများနှင့်အတူ IELTS (4 Skills) သင်ရိုးဇယားများကိုလည်း ထည့်သွင်းသင်ကြားပေးမည်ဖြစ်ရာ **B.E ဘွဲ့ရရှိသည့် အချိန်တွင် နိုင်ငံတကာမှ သတ်မှတ်အရည်အချင်းဖြစ်သည့် IELTS Band အနိမ့်ဆုံး 6.5 ရရှိသည်အထိ လေ့ကျင့်သင်ကြားပေးမည့် တက္ကသိုလ်တစ်ခုဖြစ်သည်။**

စာတွေ့ လက်တွေ့ နှစ်မျိုးလုံး ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးမည်ဖြစ်သည့်အပြင် ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ လက်တွေ့ကွင်းဆင်းခြင်း (Industrial Training) ကို စာသင်နှစ်ပြီးဆုံးပြီးတိုင်း တစ်လစီ ပြုလုပ်ရမည်ဖြစ်သည်။ နောက်ဆုံးနှစ်တွင် သုတေသနအခြေခံသည့် Term Paper ကိုလည်း တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။ အဓိကအားသာချက်မှာ နိုင်ငံတကာတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ထားခြင်းများကြောင့် နိုင်ငံတကာ အသိအမှတ်ပြု Joint Certificate များလည်း ရရှိနိုင်မည်ဖြစ်ရာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုလာမည်မှာ အသေအချာပင်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာနယ်ပယ်၌ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ထပ်တိုးလာတော့မည်ဖြစ်ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်၌ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၂ ကျောင်း၊ အစိုးရနည်းပညာကောလိပ် လေးကျောင်း၊ နည်းပညာတက္ကသိုလ် ၃၁ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ကျောင်းနှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တစ်ကျောင်းအပါအဝင် တက္ကသိုလ်/ကောလိပ်/သိပ္ပံ/ကျောင်း စုစုပေါင်း ၁၀၉ ကျောင်းအထိ ရှိလာတော့မည်ဖြစ်သည်။ **နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားရလောက်သည့်၊ အားကိုးလောက်သည့် အနေအထားကို ပိုင်ဆိုင်နေပြီဖြစ်ရာ နောင်အနာဂတ်တွင် တန်းဝင်သည့် စက်မှုနှင့် နည်းပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။**

ယနေ့ IT ခေတ်ကြီးထဲတွင် လူဖြစ်လာကြပြီး Life Long Learning ဖြစ်စဉ်နှင့်အတူ အနာဂတ်ခရီးဆက်ကြရမည့် ယနေ့ လူငယ်များအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အားကိုးအားထားပြုနိုင်သည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) အသစ်ဖွင့်လှစ်နိုင်ခြင်းသည် အထူးတလည်ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုကြရမည့် မင်္ဂလာသတင်းပင်ဖြစ်သည်။ မဝေးတော့သောအနာဂတ်တွင် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)မှ လေ့ကျင့်သင်ကြားမွေးထုတ်ပေးလိုက်သည့် အဆင့်မြင့်နည်းပညာရှင် အင်ဂျင်နီယာများ၊ အဆင့်မြင့် သုတေသနပညာရှင်များ၏ ကာယဉာဏစွမ်းပကားတို့ဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ စက်မှုနိုင်ငံတော်အဖြစ်သို့ မလွဲမသွေ မြှင့်တင်ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု အားပေးမျှော်လင့်ရင်း အသစ်ဖွင့်လှစ်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ကို ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိမိတပည့်များကို စာပေသင်ကြားပေးရုံမက လိမ္မာရေးခြားရှိပြီး လူ့လောကတွင် အောင်မြင်သည်ထိ လမ်းမှန်ညွှန်ပြ ဆရာ၊ ဆရာမများသည် မိမိတို့တာဝန်နှင့် ဂုဏ်သိက္ခာကို အစဉ်အမြဲ မြင့်မားနေစေရေး ထိန်းသိမ်းမြှင့်တင်

နေပြည်တော် စက်တင်ဘာ ၂၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများအလိုက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများရေးဆွဲပြီး နှစ်ရှည်၊ နှစ်တိုစီမံကိန်းများဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အခါတွင် နိုင်ငံတော်က အားထားရမည့် ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းနှင့် ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်အပ်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသအတွင်း၌ ဖွင့်လှစ်သော ကျောင်းများမှာပင် အလွယ်တကူတက်ရောက်သင်ယူနိုင်သည်သာမက ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးလုပ်ငန်းများ၊ ကျောင်းနေမြဲရေးအစီအစဉ်များ၊ သင်ယူတတ်မြောက်မှု အရည်အသွေးဆန်းစစ်မှု အစီအစဉ်များကိုပါ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ အဆင့်မြင့် ပညာကဏ္ဍတွင်လည်း ဒေသအလိုက် အဆင့်မြင့်ပညာရပ်များ အလွယ်တကူ ဆည်းပူးလေ့လာနိုင်ရေး၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကို ဆက်လက်သင်ယူနိုင်ရေးတို့ကို ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဌာနများဖွဲ့စည်းပြီး သက်ဆိုင်ရာဒေသ၏ လူမှုစီးပွားရေးနယ်ပယ်မှာ လက်တွေ့အသုံးပြုနိုင်မည့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းစသည့် အစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အချိန်ကာလ နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအရ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးနယ်ပယ်အသီးသီး၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို မဖြစ်မနေ ရယူအသုံးပြုနိုင်ရန် လိုအပ်သည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာ ကဏ္ဍနှစ်ရပ်လုံးတွင် e-Education Learning Centre များ ဖွဲ့စည်းပေးနိုင်မှုကြောင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို အလွယ်တကူ လေ့လာနိုင်ကြပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်းအချို့၌လည်း Internet ချိတ်ဆက်အသုံးပြုနိုင်ရန် စီမံပေးနိုင်မှုကြောင့် နိုင်ငံတော်၏ အဓိကအားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များအား လေ့ကျင့်ပျိုးထောင်ပေးနေသည့် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအနေဖြင့် ကမ္ဘာနှင့်အဝန်း အချိန်နှင့်အမျှ တိုးတက်ပေါ်ထွန်းလျက်ရှိသည့် ပညာရပ်များကို လက်လှမ်းမီစွာရယူနိုင်ပြီး သင်ကြားမှု သင်ယူမှုလုပ်ငန်းများတွင် ခေတ်မီ နည်းပညာရပ်များဖြင့် အချိန်နှင့် တစ်ပြေးညီ ထိရောက်စွာ အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း။

အခြေခံပညာ ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင်ပေးနေသူများ ဖြစ်သည့်အလျောက် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနေကြသော လူမှုရေးဗိသုကာများအဖြစ် နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို တက်ရောက်ခြင်းကြောင့် နိုင်ငံတော်၏ ပကတိ အခြေအနေမှန်၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ လေ့လာသိမြင်ကြပြီးဖြစ်၍ ဆရာ၊ ဆရာမများအတွက်သာမက ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါ များစွာ အကျိုးဖြစ်ထွန်းစေမည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် အမျိုးသား ပညာရည်လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆရာ၊ ဆရာမများ၏ ဦးဆောင်ပါဝင် ဆောင်ရွက်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအပိုင်းကလည်း နိုင်ငံတော်နှင့်တကွ မိဘပြည်သူများ၏ မိမိတို့အပေါ် ယုံကြည်အားထားမှုကို လေးစားစွာ ခံယူပြီး မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာဆိုသည့် ဂုဏ်ဒြပ်သည် ပင်ကိုအားဖြင့် ကြည်ညိုလေးစားဖွယ်၊ ဂုဏ်ပြုပူဇော်ဖွယ် စသည့် ဂုဏ်ရည်များနှင့် ပြည့်ဝပြီးဖြစ်ကြောင်း၊ ပညာကို အလေးအမြတ်ထားသည့် မြန်မာ့လူ့ဘောင်တွင် ပညာသင်ကြားပေးသည့် ဆရာကို အနန္တဂိုဏ်းဝင် အပူဇော်ခံပုဂ္ဂိုလ်များအဖြစ် တန်ဖိုးထား ကြည်ညိုလေးစားကြကြောင်း။

တစ်ဖက်တွင်လည်း ဆရာတစ်ဦးအနေဖြင့် မိမိတပည့် ကျောင်းသား၊ ကျောင်းသူများကို စာပေသင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး လူ့လောကတွင် အောင်မြင်တိုးတက်မှုများ ရရှိသည်အထိ လမ်းမှန်ညွှန်ပြရမည့် တာဝန်ရှိသည်ဆိုသည့် ဆရာများလိုက်နာအပ်သော ကျင့်ဝတ်မှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေဆဲဖြစ်၍ ဆရာ၊ ဆရာမများသည် မိမိတို့တာဝန်နှင့် ဂုဏ်သိက္ခာကို အစဉ်အမြဲ မြင့်မားနေစေရေး ထိန်းသိမ်းမြှင့်တင်သွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ၏ ရှိရင်းစွဲ အရည်အသွေးများ ပိုမိုမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များကို နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများ အချိတ်အဆက်မိမိဖြင့် အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းပြီး ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့်များကို အခြေခံပညာအဆင့်မှာပင် အသိပညာ၊ အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်သည်သာမက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်း ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရေးရာ မြင့်မားရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မျိုးဆက်သစ်များ လက်ဆင့်ကမ်းဖော်ဆောင်သွားရမည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ -

- **“နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းကြီးသည် မျိုးဆက်တစ်ခုမှ မျိုးဆက်သစ်တစ်ခုဆီသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်ဆက်တိုက် အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည့် လုပ်ငန်းကြီးဖြစ်ပြီး ကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးနိုင်အောင် အားထုတ်ကြရတာ ဖြစ်ကြောင်း”**
- **“မျိုးဆက်သစ်များသည် သမိုင်းအစဉ်အလာကို စောင့်ထိန်းပြီး ကောင်းသောအမွေခံ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စွမ်းရှိသည့်အပြင် မြန်မာ့လူ့အဖွဲ့အစည်း လူနေမှုဘဝကို မြင့်မားအောင် တည်ဆောက်နိုင်စွမ်း ရှိရမှာဖြစ်ကြောင်း” လမ်းညွှန်မှာကြားခဲ့ကြောင်း။**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာ၊ ဆရာမများ အနေဖြင့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ထိန်းသိမ်းရေးမျက်နှာစာအသီးသီး၌ လက်ဆင့်ကမ်း သမိုင်းပေးတာဝန်များကို ထမ်းရွက်ကြမည့် မျိုးဆက်သစ် လူငယ်များကို သမိုင်းအစဉ်အလာ စောင့်ထိန်းသူများ၊ ကောင်းသော အမွေခံပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စွမ်းရှိသူများ၊ မြန်မာ့လူ့အဖွဲ့အစည်း လူနေမှုဘဝကို မြင့်မားအောင် တည်ဆောက်နိုင်စွမ်းရှိသူများအဖြစ် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုရ ကသအမှတ် F-၁၁ ဦးမျိုးဝင်းလှိုင် မူလတန်းပြ အခြေခံပညာမူလတန်းလွန်ကျောင်း ရေနံကြီးရွာ အောင်လံမြို့နယ် မကွေးတိုင်းဒေသကြီးနှင့် သင်တန်းသူစံပြဆုရ ကသအမှတ် A-၁၇၁ ဒေါ်ခိုင်ခင်ကျော် အလယ်တန်းပြ အမှတ်(၅၂) အခြေခံပညာမူလတန်းလွန်ကျောင်း နွားခြံကုန်းရွာ မကွေးမြို့နယ် မကွေးတိုင်းဒေသကြီးတို့အားလည်းကောင်း၊ ဖွဲ့လုံ့လဆုရရှိကြသော ကသအမှတ် F-၃၅ ဦးလလောန် အထက်တန်းပြ မြို့နယ်ပညာရေးမှူးရုံး မိုးမောက်မြို့နယ် ကချင်ပြည်နယ်၊ ကသအမှတ် A-၇၆ ဒေါ်မို့မို့နိုင် အထက်တန်းပြ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနှင့် ကသအမှတ် C-၄၇ ဒေါ်ခင်သန်းရွှေ အထက်တန်းပြ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိပ်ခွန်ရွာ ရွှေဘိုမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား အမျိုးသား တပ်ခွဲ(၁) အဆောင်(၂)နှင့် သင်တန်းသူ အမျိုးသမီး တပ်ခွဲ(၄) အဆောင်(၈)တို့မှ တပ်ခွဲခေါင်းဆောင်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ခေတ်ကာလယခုဖြစ်လာရတဲ့အမှုမှာ
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၂၁)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၁)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ Talk of The Town
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ်(အပိုင်း-၁၇)**
- ၂၄။ Mini Series
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

နိုင်ငံတကာသတင်းများ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော ဒုက္ခသည်များ၏ ရွက်ဖျင်တဲများ။

ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့တွင် မုန်တိုင်းတိုက်၍ လျှောင်ဒုက္ခသည်များ ဒုက္ခရောက်ပြန်

ပေါ်တိုပရင့်စ် စက်တင်ဘာ ၂၆

ဟေတီနိုင်ငံ မြို့တော် ပေါ်တိုပရင့်စ်၌ အင်အားပြင်းထန်သော မုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့ရာ ကလေးနှစ်ဦး အပါအဝင် လူငါးဦးသေဆုံးပြီး ငလျင်ဒုက္ခသည်များခိုလှုံရာ ရွက်ဖျင်တဲ ထောင်ပေါင်းများစွာတို့ ပျက်စီးခဲ့ရကြောင်း ကုလသမဂ္ဂက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါ မုန်တိုင်းသည် စက်တင်ဘာ ၂၄ရက်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တိုက်ခတ်ချိန် မကြာမြင့်ခဲ့သော်လည်း လေတိုက်နှုန်းပြင်းထန်မှုကြောင့် ငလျင်ဒုက္ခသည်များ နေထိုင်ရာ ရွက်ဖျင်တဲ ၅၈၇၈ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ ဟေတီနိုင်ငံတွင် ဇန်နဝါရီ ၁၂ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် လူ ၂၀၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး အိုးအိမ်မဲ့ ဖြစ်ခဲ့ရသော ဒုက္ခသည် တစ်သန်းမျှသည် ရွက်ဖျင်တဲများ၌ ခိုလှုံနေထိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသော ပေါ်တိုပရင့်စ်မြို့သို့ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ပေါင်း ၄၀ ကျော်ကို စေလွှတ်ထားကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေး ဂျီ-၄ အုပ်စု နိုင်ငံခြားရေးဝန်ကြီးများတိုက်တွန်း

ကုလသမဂ္ဂ စက်တင်ဘာ ၂၆- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် အင်အားကိုရော အလှည့်ကျအဖွဲ့ဝင် အင်အားကိုပါ တိုးချဲ့သင့်ကြောင်း၊ ၂၁ ရာစုခေတ်၏ ပကတိအခြေအနေများနှင့်အညီ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲသင့်ကြောင်း ဂျီ-၄ အုပ်စု နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးအပြီး ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် တိုက်တွန်းလိုက်သည်။

ဂျီ-၄ အုပ်စုတွင်ပါဝင်သော အိန္ဒိယ၊ ဘရာဇီး၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့၌ ရောက်ရှိနေချိန်အတွင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ကမ္ဘာ့နိုင်ငံများ ပိုမိုကိုယ်စားပြု ပါဝင်နိုင်ရေးနှင့် လုပ်ငန်းများပိုမိုထိရောက်မှု ရှိလာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သင့်ကြောင်း ဂျီ-၄ နိုင်ငံခြားရေးဝန်ကြီးများ၏ သတင်းကြေညာချက်တွင် ဖော်ပြသည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများပါ ပါဝင်သင့်ကြောင်း၊ အကယ်၍ လုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းမည်ဆိုပါက ယင်းအဖွဲ့အစည်းတွင် အာဖရိကနိုင်ငံများလည်း ကိုယ်စားပြုပါဝင်သင့်ကြောင်း အဆိုပါ သတင်းကြေညာချက်တွင် ဖော်ပြသည်။

ပီတီအိုင်။

နေကြာပန်းမျိုးရင်းဖြစ်နိုင်သည့် ရှားပါးပန်းကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

ဗျူနိုအေးရိစ် စက်တင်ဘာ ၂၆- နေကြာပန်းတို့၏မျိုးဗီဇကို ခြေရာခံနိုင်မည့် ပန်းကျောက်ဖြစ်ရုပ်ကြွင်းကို အာဂျင်တီးနားနိုင်ငံ ပါတာဂိုနီယာဒေသတွင် အာဂျင်တီးနားသုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၂၄ ရက် သတင်းများတွင် ဖော်ပြသည်။



ယခင်က အပင်တို့၏ ဝတ်ဆန်များကိုသာ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် အတွေ့ရများခဲ့သော်လည်း ယခုတွေ့ရှိမှုသည် ထူးထူးခြားခြား ပန်းတစ်ပွင့်လုံး၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနား သိပ္ပံပညာရှင်များ တွေ့ရှိခဲ့သော ပန်းကျောက်ဖြစ်ရုပ်ကြွင်းသည် ဒေစီ၊ နေကြာစသော ပန်းမျိုးစိတ်တို့နှင့် ဆက်နွှယ်သည့် Asteraceae မျိုးရင်းဝင်ပန်းမျိုးစိတ်ဖြစ်သည်။

ပုံပန်းမပျက် ရှိနေဆဲဖြစ်သော ပန်းကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာချက်များအရ ယင်းပန်းမျိုးရင်းသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၅၀ ခန့်က တည်ရှိခဲ့သည့် ဂွန်ဒွာနာကုန်းမြေတွင် ပေါက်ပွားရှင်သန်ခဲ့ကြောင်း သိပ္ပံပညာရှင်တို့က ယူဆသည်။

Asteraceae မျိုးရင်းဝင်ပန်းမျိုးစိတ်များကို အန္တာတိကတိုက်မှတစ်ပါး ကမ္ဘာတစ်ဝန်းတွင်တွေ့ရှိနိုင်ပြီး အထူးသဖြင့် သမပိုင်း ရာသီဥတုရှိရာဒေသများတွင် အတွေ့ရများသည်။

အင်တာနက်။

အင်ဒိုနီးရှားတွင် ငလျင်လှုပ်

ဂျကာတာ စက်တင်ဘာ ၂၆

ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ သုညရှိသော ငလျင်တစ်ခုအင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းအာရှုးကျွန်းစုဒေသ၌ တနင်္ဂနွေနေ့တွင် လှုပ်ခတ်သွားကြောင်း အမေရိကန်ဘူမိဗေဒ တိုင်းတာလေ့လာရေးဌာနက သတင်းထုတ်ပြန်သည်။

ဂျကာတာမြို့၏ အရှေ့ဘက် ကီလိုမီတာ ၃၀၀၀ ခန့်အကွာ အာရှုးကျွန်းစုတွင်ပါဝင်သော ဒိုဘိုကျွန်း၏ အနောက်မြောက်ဘက် ၆၃ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၈ ဒသမ ၇ ကီလိုမီတာအနက်တွင် ဗဟိုပြု၍ ဒေသစံတော်ချိန် ည ၉ နာရီ ၁၂ မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၂၁၂ နာရီ)တွင် လှုပ်ခတ်သွားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ခြင်းမရှိ

မြေငလျင်လှုပ်ပြီးလျှင်ပြီးချင်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိပေ။ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အပျက်အစီး သတင်းများကိုလည်း ချက်ချင်းမရရှိပေ။ **အင်တာနက်။**

နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ စိုးလင်းဦးနှင့် မန်ကော်ရို၊ စောငမန်းနှင့် Cyrus တို့ သရေပွဲဖြစ်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ MDG Co.,Ltd. (ကယ်လ်ဆမ်ကွေကာ)၏ အဓိကကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် (MTF)နှင့် T&T Groupတို့ တာဝန်ယူစီစဉ်သည့် နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီ မှစတင်၍ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ စိုးလင်းဦးနှင့် မန်ကော်ရို(ထိုင်း)၊ စောငမန်းနှင့် Cyrus (အမေရိကန်)တို့ သရေပွဲဖြစ်သွားကြသည်။

ယခုပွဲကြီးကို အဓိကကူညီပံ့ပိုးသည့် MDG Co.,Ltd. (ကယ်လ်ဆမ်ကွေကာ) မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း စောငမန်းအား ဆုငွေချီးမြှင့်စဉ်။

လက်ဝှေ့သမားများကို ကယ်လ်ဆမ်ကွေကာ၊ ဒေါက်တာခင်မောင်ထွန်း၊ ဦးခွန်မြတ်၊ ရွှေပွင့်ဖြူ ဦးဇော်ဇော်တို့က ဆုငွေများ ချီးမြှင့်ကြသည်။ MDG Co.,Ltd. (ကယ်လ်ဆမ်ကွေကာ) မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းတို့က နိုင်ငံတကာ စိန်ခေါ်ပွဲယှဉ်ပြိုင်သည့် လက်ဝှေ့သမားများကို ဆုငွေနှင့် ဆုဖလားများ ချီးမြှင့်ပေးကြသည်။

သတင်းနှင့် ဓာတ်ပုံ ငင်လင်းထွန်း(ဓနုဖြူ)

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများကြေညာ

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို လူသားအရင်းအမြစ် ဖန်တီးရှင် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမများဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်း အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြဆရာ ဦးမြင့်သိန်း(ရွှေရိုး)၊ ဒုတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်းနှင့် တတိယဆုကို ပဲခူးတိုင်းဒေသကြီး ဥသျှောင်မြို့သစ် အမှတ်(၆)အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စီတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်ခင်ငြိမ်းငြိမ်းမြင့်(လက်ာခင်)၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းကျောင်းအုပ်ကြီး ဦးသန်းစိုး(သန်းစိုးအောင်) နှင့် တတိယဆုကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြမြစိုးတို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မွန်ပြည်နယ် သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးရွှေတင်(ချြုံနွယ်-သထုံ)၊ ဒုတိယဆုကို ချင်းပြည်နယ် တီးတိန်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးခင်မောင်လွင်(တင့်ထွန်းလှိုင်-ရွှေမင်းဝံ)နှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွှေကျင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းပြဆရာ ဦးမျိုးဇော်အောင်တို့က ရရှိကြသည်။

အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ဘားအံတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်း(မောင်သန်းဝင်း-ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာဘာသာဌာနမှ နည်းပြ ဒေါ်အေးမြတ်မြတ် (ဒေါ်အေးမြတ်မြတ်-ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)နှင့် တတိယဆုကို ပြည်တက္ကသိုလ် ဓာတုဗေဒဌာနမှ လက်ထောက်ကထိက ဒေါ်မွှေးနံ့သာ (မွှေးနံ့သာ-မဟာသိပ္ပံ)တို့က ရရှိသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ထာဝရကျေးဇူးရှင် ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမင်းသဲစုပုံ၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မယဉ်ရွှေဖြူအိနှင့် တတိယဆုကို ကရင်ပြည်နယ် ဘားအံပညာရေးကောလိပ် လေ့ကျင့်ရေး အခြေခံပညာ အလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်စောဟန်ဆက်နောင်တို့က ရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ထာဝရကျေးဇူးရှင် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၇) အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မခိုင်ခိုင်ငြိမ်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသား မောင်ဟန်ဆက်လူနှင့် တတိယဆုကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မခရစ္စတီလုလုမိုင်တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို အလင်းလမ်းကိုညွှန်ပြသူ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးကောလိပ်မှ DTEd (၁၃/၀၈) သင်တန်းသူ မအေးမြင့်ခိုင်၊ ဒုတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ B.Ed (စတုတ္ထနှစ်) သင်တန်းသူ မငွေဇင်ညွှာနှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြပညာရေးကောလိပ်မှ DTEd (၁၃/၀၈) သင်တန်းသူ မဟေမာန်ဦးတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို အသီးတစ်ရာ အညှာတစ်ခု ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မတင့်နိုနိုလှိုင်၊ ဒုတိယဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်ခန့်ကျော်ထင်နှင့် တတိယဆုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနန်းမိုဟွမ်သန့်တို့က ရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို အသီးတစ်ရာ အညှာတစ်ခု ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဖြိုးပြည့်လင်း၊ ဒုတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မနန်းထက်မျိုးမြင့်နှင့် တတိယဆုကို မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ တွင်းကုန်း အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မမြတ်ကေသွယ်တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့်ကဗျာပြိုင်ပွဲကို အနာဂတ်ပိုင်ရှင် ဆရာ့ဂုဏ်အင် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကရင်ပြည်နယ်၊ ဘားအံပညာရေးကောလိပ်မှ DTEd(၁၃/၀၈)သင်တန်းသူ မစမ်းသီတာလှိုင်၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာပညာရေးကောလိပ်မှ DTEd (၁၃/၀၈)သင်တန်းသူ မမြင့်မြင့်မော်နှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးပညာရေးကောလိပ်မှ DTEd (၁၃/၀၈) သင်တန်းသူ မသင်းသင်းဦးတို့က ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၁ ရက်(သောကြာနေ့)ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကမ္ဘာကြီး မျိုးဆက်သစ်များနှင့် ကျွန်တော်တို့အားလုံးအတွက် ဆိုလာစွမ်းအင်

(၂၅-၉-၂၀၁၀ ရက်မှအဆက်)

မြန်မာနိုင်ငံတွင် ဆိုလာစွမ်းအင်သုံးစွဲမှု အခြေအနေ

မြန်မာနိုင်ငံတွင် ဆိုလာ စွမ်းအင်သုံးစွဲမှုများမှာ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးသော်လည်း လွန်ခဲ့သည့် ၁၀ နှစ်လောက်ကစ၍ သုံးစွဲနေကြပြီဖြစ်သည်။ အထူးသဖြင့် ပုံမှန်လျှပ်စစ်ဓာတ်အား မရသေးသည့် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများတွင် အိမ်သုံးမီး(Lighting)အဖြစ် သုံးစွဲကြခြင်းဖြစ်သည်။ ဆိုလာနှင့် ထိတွေ့ရင်းနှီးမှုသည် မြို့ပြလူထုထက် ကျေးလက်လူထုကပိုများသည်။ ထိုစဉ်အချိန်က ဆိုလာသည် ပုံမှန်လျှပ်စစ်ဓာတ်အားမရသေးသည့် နေရာများတွင် သုံးဖို့ဟူ၍သာ ယေဘုယျသိကြသည်။ အိမ်သုံးလျှပ်စစ်မီး အနေဖြင့် သုံးတာများပြီး ရုပ်မြင်သံကြား၊ DVD ပြစက်များသုံးတာ အနည်းအကျဉ်းတွေ့ရှိသည်။ ဆိုလာစွမ်းအင်ကို ဝန်အားများများသုံးစွဲနိုင်မှန်း မသိကြသေးပေ။ ထိုစဉ်က သုံးကြသည့် ဆိုလာပြားများမှာလည်း 20 Watt၊ 40 Watt အရွယ်သာရှိသည်။ ဆိုလာပြားများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ ဝန်အားများစွာ ထုတ်ယူသုံးစွဲခြင်းမျိုးလည်း မရှိသေး။ တဖြည်းဖြည်းနှင့် ရန်ကုန်မြို့တွင် အချက်ပြမီးများ၌ ဆိုလာများ သုံးလာသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❒



အိန္ဒိယနိုင်ငံရှိ ဆိုလာစွမ်းအင်သုံး စိုက်ခင်း။

သတင်းဆောင်းပါး

နေမင်းချစ်သူ

အဆင်အပြင်-ညွှန့်ဝင်း

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးခွန်မင်းကျော်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)နှင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဥက္ကဋ္ဌ ဦးသုဝေ၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။

အာဖရိကလူဝံများက လူတို့ထံ ငှက်ဖျားရောဂါကပ်ပါးပိုးပျံ့နှံ့စေခဲ့

မျိုးရိုးဗီဇနည်းပညာ

အင်တာနက်သတင်း

ဘာသာပြန်-စံစံ

လန်ဒန် စက်တင်ဘာ ၂၆

အာဖရိကလူဝံများသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ငှက်ဖျားရောဂါဖြစ်စေနိုင်သော ကပ်ပါးရောဂါပိုးကို လူတို့ထံ ပထမဆုံးအကြိမ် ကူးစက်ပျံ့နှံ့စေခဲ့ကြောင်း သုတေသန လေ့လာချက်တစ်ရပ်ကို ကိုးကားလျက် ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဒေးလီးမေးလ်သတင်းစာက ယနေ့ ရေးသားဖော်ပြသည်။

အမေရိကန်နိုင်ငံ အယ်လ်ဘားမားတက္ကသိုလ်မှ ဝေမင်းလျူ ဦးဆောင်သော သုတေသီများသည် ငှက်ဖျားရောဂါနှင့် အာဖရိကလူဝံများ ဆက်နွှယ်နေပုံကို လေ့လာခဲ့ကြသည်။

သိပ္ပံပညာရှင်များသည် အာဖရိကတိုက်တွင် ကျက်စားနေထိုင်သော လူဝံသတ္တဝါ ကောင်ရေ ၂၅၀၀ ၏ ကျင်ကြီးနမူနာများကိုရယူခဲ့ကြပြီး မျိုးရိုးဗီဇ အင်ဂျင်နီယာနည်းပညာများအရ လေ့လာခဲ့ကြသည်။

အာဖရိကလူဝံ ကျင်ကြီးနမူနာ အရေအတွက်၏ ထက်ဝက်အထိတွင် ငှက်ဖျားရောဂါဖြစ်စေသော ကပ်ပါးပိုး Plasmodium Falciparumနှင့် သက်ဆိုင်သည့် ဒီအင်န်အေအထောက်အထားကို ရှာဖွေတွေ့ရှိရကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

တောင်အာဖရိကနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်အတွင်း အာဖရိက လူဝံတစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*